# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက် | ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၅)၊ အမှတ်(၁၂၈)


## ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

## နိုင်ငံတစ်နိုင်ငံ၏ လူဦးရေဆိုင်ရာ စာရင်းအင်းအချက်အလက် ပြည့်စုံမှုသည် ယင်းနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ အုပ်ချုပ်မှုအရည်အသွေးနှင့် နိုင်ငံရေးတည်ငြိမ်မှုတို့ကို သွယ်ဝိုက်ညွှန်းဆိုဖော်ပြနေ

နေပြည်တော် အောက်တိုဘာ ၂၇

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) (MICC-1)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑

## ယနေ့ ဖတ် စ ရာ


**ခရီးသွားစေချင်သလား . . . တွန်းအားနှင့် ဆွဲအား တိုးပွားစေပါ**
ဆောင်းပါး | စာ ၈

**ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော ဘီလပ်မြေများကို အထူးကုန်ရထားဖြင့် ပို့ဆောင်**
ပြည်တွင်းသတင်း | စာ ၁၁

**အိန္ဒိယနှင့် တရုတ်ပြည်မကြီးကြား တိုက်ရိုက်လေကြောင်းပျံသန်းပြေးဆွဲမှု ပြန်လည်စတင်**
နိုင်ငံတကာသတင်း | စာ ၁၄

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



❑ *ရွှေဖုံးမှ*

အဆိုပါ အခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများနှင့်အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်များတွင် ပါဝင်အားဖြည့်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ၊ ကျောင်းသားကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ ယိမ်းအဖွဲ့များက "နိုင်ငံ့အကျိုးသယ်ပိုးဆောင်ကြဉ်း၊ သန်းခေါင်စာရင်း" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**နိုင်ငံတော်၏ကြေးမုံပြင်တစ်ချပ်**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ယနေ့ ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်မှုသည် နိုင်ငံတော်အတွက် အဖိုးတန်သည့်စာရင်းအင်း၊ ကိန်းဂဏန်းအချက်အလက်များဖြစ်သောကြောင့် ပိုမိုလေးနက်ပြီး အဓိပ္ပာယ်ရှိသည့်နေ့တစ်နေ့ဖြစ်ကြောင်း၊ ယင်းအစီရင်ခံစာသည် နိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသည့် လူဦးရေပြောင်းလဲလာမှုနှင့် မြို့ပြ၊ ကျေးလက်အလိုက် လူဦးရေအခြေအနေ၊ နိုင်ငံသူ နိုင်ငံသားများ၏ ပညာရေးအဆင့်အတန်း၊ လုပ်သားအင်အားအခြေအနေနှင့် အလုပ်လုပ်ကိုင်မှု၊ ရွှေ့ပြောင်းသွားလာမှုနှင့် ၎င်းတို့၏ နေထိုင်မှုပုံစံစသည့် အခြေအနေများနှင့် မိမိတို့မြန်မာနိုင်ငံ၏ အနာဂတ်ကိုမီးမောင်းထိုးပြနေသည့် နေ့စဉ်လူနေမှုဘဝပုံစံများကို ထုတ်ဖော်ပြသခြင်းပင်ဖြစ်ကြောင်း၊ ယင်းအစီရင်ခံစာပါ ကိန်းဂဏန်းအချက်အလက်များသည် ယနေ့မိမိတို့ မည်သို့အခြေအနေရှိသည်ဆိုသည်ကို ထင်ဟပ်ပြသနေပြီး မနက်ဖြန်တွင် မည်သည့်အခြေအနေဖြစ်လာနိုင်မည်ဆိုသည်ကို ညွှန်ပြနေသည့် နိုင်ငံတော်၏ ကြေးမုံပြင်တစ်ချပ်ဟု ပြောရမည်ဖြစ်ကြောင်း။

**နိုင်ငံ၏အသက်သွေးကြော**

မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းကောက်ယူမှုသမိုင်းကြောင်းကို ပြန်လည်လေ့လာ သုံးသပ်ကြည့်မည်ဆိုပါက လွတ်လပ်ရေးမရမီ ၁၈၇၂ ခုနှစ်မှ ၁၉၄၁ ခုနှစ်အတွင်း သန်းခေါင်စာရင်း ရှစ်ကြိမ်ကောက်ယူခဲ့သည်ကို တွေ့ရှိရကြောင်း၊ လွတ်လပ်ရေးရပြီးနောက် လူဦးရေသန်းခေါင်စာရင်းများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်တို့တွင် ကောက်ယူခဲ့ပြီး ယခု ၂၀၂၄ ခုနှစ်သန်းခေါင်စာရင်းနှင့် ဆိုပါက လေးကြိမ် ကောက်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယုံကြည်အားထားရသော အချက်အလက် မရှိသည့် နိုင်ငံသည် သံလိုက်အိမ်မြှောင်မပါဘဲ သင်္ဘောကို ထိန်းကျောင်းမောင်းနှင်နေခြင်းနှင့် တူနေသည်ဟု ဆိုကြကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်းက မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးမှုလမ်းကြောင်းကို ပြသနေသည့် သံလိုက်အိမ်မြှောင်ဟု တင်စားလိုကြောင်း၊ ထို့ပြင် သန်းခေါင်စာရင်းဆိုသည်မှာ နိုင်ငံ၏ အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများအတွက် အခြေခံအုတ်မြစ်တစ်ခုလည်းဖြစ်ကြောင်း၊ စီမံကိန်းရေးဆွဲသူများ၊ မူဝါဒချမှတ်သူများအနေဖြင့် ပိုမိုကောင်းမွန်သည့် ပညာရေး မျှော်မှန်းချက်များ ဖော်ဆောင်ရန်၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ မြှင့်တင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်၊ လူမှုကူညီစောင့်ရှောက်ရေး လုပ်ငန်းများ ချဲ့ထွင်ရန် စသည့်လုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် သန်းခေါင်စာရင်းအချက်အလက်များသည် ယုံကြည်အားထားရသည့် နိုင်ငံ၏ အသက်သွေးကြောဟု ဆိုနိုင်ကြောင်း။

**စိန်ခေါ်မှုများကြားထဲက ဆောင်ရွက်ခဲ့**

သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် အလွန်ကျယ်ပြန့်ပြီး လုပ်ငန်းပမာဏကြီးမားရုံသာမက ငွေကြေးကုန်ကျမှုလည်း များလွန်းသည့် လုပ်ငန်း တစ်ခုဖြစ်ကြောင်း၊ သို့သော်လည်း နိုင်ငံတော်၏ လက်ရှိအခြေအနေနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိကျမှန်ကန်သည့် လူဦးရေဆိုင်ရာ စာရင်းအင်း အချက်အလက်များ ရရှိရန် အရေးကြီးပြီး ကုလသမဂ္ဂ၏ အကြံပြုချက်အရ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့် အညီ သန်းခေါင်စာရင်းကို (၁၀) နှစ်တစ်ကြိမ် ကောက်ယူရန် လိုအပ်ကြောင်း၊ ထို့ကြောင့် အခက်အခဲများ၊ စိန်ခေါ်မှုများကြားထဲကပင် သန်းခေါင်စာရင်းကို မဖြစ်မနေ ကောက်ယူရန် တွန်းအားပေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်းတွင် သန်းခေါင်စာရင်း ကောက်ယူခဲ့ ပြီးသည့်နောက် နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်ပြီး အခြေခံအချက်အလက်အနေဖြင့် ချက်ချင်းအသုံးပြုနိုင်ရန် ရှေ့ပြေးလူဦးရေစာရင်းကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်တွင် ဦးစွာ ထုတ်ပြန်ကြေညာပေးခဲ့ပြီး ဖြစ်ကြောင်း၊ ယင်းသန်းခေါင်စာရင်း အချက်အလက်များကို ဆန်းစစ်လေ့လာထားသည့် ကိန်းဂဏန်း အချက်အလက်များနှင့် အညွှန်းကိန်းများ ပါဝင်သော သန်းခေါင်စာရင်း ပင်မအစီရင်ခံစာဖြစ်သည့် ပြည်ထောင်စုအစီရင်ခံစာ၊ အသုံးပြုသူများ လွယ်လွယ်ကူကူ ထုတ်နုတ်

*စာမျက်နှာ ၄ သို့*



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ခြင်းအထိမ်းအမှတ် အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြကွက်များအား လှည့်လည်ကြည့်ရှုစဉ်။

**❖ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူမှုကို ပြည်ပအကူအညီ မပါဘဲ ပြည်တွင်းအားဖြင့် အောင်မြင်အောင် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည့်အတွက် နိုင်ငံအတွက် ဂုဏ်ယူရမည့် အမျိုးသားရေးလုပ်ငန်းစဉ် အောင်မြင်မှုတစ်ရပ်ဖြစ်**

**❖ ယနေ့ သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနားသည် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ၏ စည်းလုံးညီညွတ်သည့် စုပေါင်းအားဖြင့် ဆောင်ရွက်ခဲ့သည့် အောင်မြင်မှုအဖြစ် ကမ္ဘာ့အလယ်တွင် သမိုင်းမှတ်တိုင် စိုက်ထူနိုင်ခြင်းလည်းဖြစ်**




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနားတွင် ယိမ်းအဖွဲ့များ၏ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြစဉ်။

*စာမျက်နှာ ၃ မှ*

အသုံးပြုနိုင်မည့် အနှစ်ချုပ်အစီရင်ခံစာနှင့် စာရင်းဇယားများကို ယနေ့ထုတ်ပြန်သွားမည် ဖြစ်ကြောင်း၊ ယင်းအစီရင်ခံစာများတွင် လူဦးရေဆိုင်ရာ အချက်အလက်များ၊ ရွှေ့ပြောင်းသွားလာခြင်း၊ ပညာရေး၊ လုပ်သားအင်အား၊ မသန်စွမ်းမှု၊ အိမ်အကြောင်းအရာ၊ မွေးဖွားခြင်းနှင့် သေဆုံးခြင်း အကြောင်းအရာ စသည့်အခန်းကဏ္ဍများ ပါဝင်ပြီး မိမိတို့နိုင်ငံအတွက် အကျိုးဖြစ်ထွန်းမှုများစွာ ရရှိစေနိုင်မည် ဖြစ်သကဲ့သို့ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စသည့်လုပ်ငန်းစီမံကိန်းများအတွက်လည်း များစွာအသုံးဝင်မည်ဖြစ်ကြောင်း။

**အထောက်အကူပြုလျက်ရှိ**

ထို့ပြင် လာမည့် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေး ဆောင်ရွက်ရာတွင်လည်း ယခုသန်းခေါင်စာရင်း၏ လူဦးရေ ကိန်းဂဏန်းများက အထောက်အကူ ပြုလျက်ရှိကြောင်း၊ သန်းခေါင်စာရင်းက ဖော်ထုတ်ရရှိသည့် ပညာအရည်အချင်းအလိုက်၊ လုပ်ငန်းအမျိုးအစားအလိုက်၊ နေထိုင်မှုပုံစံအလိုက် လူဦးရေကို သိရှိခြင်းအားဖြင့် ယင်းတို့နှင့် ပတ်သက်ပြီး လိုအပ်သည့် အစီအမံများ ရေးဆွဲချမှတ်နိုင်ရန် အခြေခံအရင်းအမြစ်များကို ဖန်တီးပံ့ပိုးပေးနိုင်မည်ဖြစ်သကဲ့သို့ လိုအပ်သည့် လုပ်သားအင်အားကိုလည်း လေ့ကျင့်မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ လုပ်သားလိုအပ်ချက်များကို အခြေခံပြီး နှစ်စဉ်တက္ကသိုလ်ဝင်ခွင့်နှင့် သက်မွေးပညာဆိုင်ရာ ကျောင်းဝင်ခွင့်များနှင့် ပတ်သက်သည့် လူဦးရေလျာထားတွက်ချက်ရာတွင်လည်း အခြေခံအချက်အလက်များ ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း၊ ယခု လုပ်ငန်းခွင်များတွင် ကျွမ်းကျင်မှု လိုအပ်သည့် သို့မဟုတ် အရည်အသွေး မြှင့်တင်လိုသည့် လုပ်သားများအတွက်လည်း စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများ၊ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများကို လိုအပ်သလို စီမံဆောင်ရွက်ပေးနိုင်မည် ဖြစ်ကြောင်း။

**အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်**

ထို့ပြင် ပညာရေးနှင့် လုပ်သားအင်အားဆိုင်ရာ အချက်အလက်များကို ချိတ်ဆက်အသုံးပြုပြီး သက်မွေးပညာ သင်ကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းဖြင့် ကျွမ်းကျင်မှုရှိသည့် လုပ်သားအရင်းအမြစ်ကို ပျိုးထောင်ပေးနိုင်သကဲ့သို့ အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ အလားတူ လူမှုဖူလုံရေး၊ သက်ကြီး ရွယ်အိုစောင့်ရှောက်ရေး၊ မသန်စွမ်းများ မှတ်ပုံတင်ရေးနှင့် ထောက်ပံ့ပေးရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင်လည်း လိုအပ်သည့် အချက်အလက်များ ပံ့ပိုးပေးနိုင်မည် ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ လူဦးရေဆိုင်ရာ စာရင်းအင်း အချက်အလက် ပြည့်စုံမှုသည် ယင်းနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ အုပ်ချုပ်မှုအရည်အသွေးနှင့် နိုင်ငံရေးတည်ငြိမ်မှုတို့ကို သွယ်ဝိုက်ညွှန်းဆိုဖော်ပြနေသည်ဟု ဆိုနိုင်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များကို ကဏ္ဍအလိုက် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်ရေး အခြေခံ အသုံးပြုရန် လိုအပ်သည့် အချက်အလက်များကို သန်းခေါင်စာရင်းက နေရရှိနိုင်ခြင်းဖြစ်ကြောင်း၊ ထို့ပြင် အုပ်ချုပ်မှုဧရိယာအသေးငယ်ဆုံးအဆင့်ထိ အချက်အလက်များကို သန်းခေါင်စာရင်းများကသာ ပံ့ပိုးပေးနိုင်ခြင်းဖြစ်ကြောင်း။

သန်းခေါင်စာရင်း၏ ဖော်ပြချက်များသည် မိမိတို့နိုင်ငံ၏ အခွင့်အလမ်းများနှင့်အတူ ယှဉ်တွဲပြီး လုပ်ဆောင်ရမည့် တာဝန်များကိုလည်း တစ်ပါတည်း ညွှန်းဆိုဖော်ပြလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် ပထဝီနိုင်ငံရေးအရ အရေးပါသည့် နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း အိမ်နီးချင်းနိုင်ငံများထက် လူဦးရေသိပ်သည်းမှု သိသိသာသာ နည်းပါးနေကြောင်း၊ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း အချက်အလက်များအရ မိမိတို့နိုင်ငံ၏ လူဦးရေသည် ဆယ်စုနှစ်များအတွင်း ပထမဆုံးအကြိမ်အဖြစ် အနည်းငယ်လျော့ကျလာသည်ကို တွေ့ရှိရကြောင်း၊ ယင်းသည် မွေးဖွားနှုန်းကျဆင်းခြင်း၊ ရွှေ့ပြောင်းသွားလာမှု မြင့်မားလာခြင်းနှင့်မိသားစုပုံစံများ ပြောင်းလဲလာခြင်းတို့ကြောင့် စိန်ခေါ်မှုတစ်ခုဖြစ်သလို အခွင့်အလမ်းတစ်ခုဟုလည်း မှတ်ယူနိုင်ကြောင်း။

**ရေရှည်ဖွံ့ဖြိုးမှုချမှတ်ဆောင်ရွက်**

ပြည်ပ ရွှေ့ပြောင်းခြင်းကလည်း မိမိတို့နိုင်ငံ၏ လူမှုစီးပွားရေး အခြေအနေ၊ နိုင်ငံရေးတည်ငြိမ်မှု၊ ပြည်တွင်းတွင်ရှိသည့် အလုပ်အကိုင် အခွင့်အလမ်းများနှင့် အိမ်နီးချင်းနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးမှုတို့အပေါ် တည်မှီနေခြင်းကြောင့် မိမိတို့နိုင်ငံအတွက် ရေရှည်ဖွံ့ဖြိုးမှုကို ဦးတည်ထိန်းညှိနိုင်မည့် စီမံချက်များ ချမှတ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ လူငယ်များကြားတွင် ပြည်ပရွှေ့ပြောင်းသွားလာမှုများ မြင့်မားနေသော်လည်း တစ်ချိန်က မွေးနှုန်းမြင့်မားခဲ့သည့် အကျိုးဆက်ကြောင့် အလုပ်လုပ်နိုင်သည့် လူငယ်လူရွယ် ဦးရေသည်လည်း ယခုတွင် များပြားနေဆဲဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် Demographic Bonus ဟုခေါ်သည့် လူဦးရေဆုလာဘ်ရရှိနေဆဲကာလ ဖြစ်ကြောင်း၊ ထို့ကြောင့် လူဦးရေဆုလာဘ်ရရှိနိုင်သည့် အချိန်ကာလ မကုန်ဆုံးမီ ၎င်းလူငယ်လူရွယ်များကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် မှန်ကန်ထိရောက်စွာ အကျိုးရှိရှိ ဆောင်ရွက်နိုင်ရန် စီမံပေးရန် အရေးကြီးကြောင်း။

ကမ္ဘာ့နိုင်ငံ တော်တော်များများတွင် လူငယ်များကို မြေတောင်မြှောက်ပြုစုပျိုးထောင်ပေးပြီး အခွင့်အလမ်းများ၊ မျှော်လင့်ချက်များ ဖန်တီးပေးသည့်အခါတွင် ၎င်းတို့သည် နိုင်ငံဖွံ့ဖြိုး တိုးတက်မှု၏ မောင်းနှင်အားများ ဖြစ်လာသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယနေ့ မိမိတို့ လူငယ်များကို အကျိုးရှိရှိ ရင်းနှီးမြှုပ်နှံ ပေးခြင်းဖြင့် အနာဂတ်တွင် လူဦးရေဆုလာဘ်၏ ကောင်းကျိုးများကို ဖမ်းဆုပ်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့မဟုတ်ဘဲ လူငယ်များကို လျစ်လျူရှုထားပါက Demographic Burden နှင့်အတူ တည်ငြိမ်အေးချမ်းမှု လျော့နည်းလာနိုင်သလို အဆိုးဆုံးအခြေအနေအဖြစ် Demographic Disaster ဖြစ်သွားနိုင်ကြောင်း။

**မျိုးဆက်တစ်ခုစာပြင်ဆင်**

ထို့ကြောင့် မိမိတို့နိုင်ငံတွင် မြေအရင်းအမြစ်၊ ရေအရင်းအမြစ်၊ သယံဇာတ အရင်းအမြစ်များနှင့် လိုက်လျောညီထွေဖြစ်မည့် ရှိသင့်ရှိထိုက်သည့် လူဦးရေဖြစ်ပေါ်လာစေရန် မိမိနိုင်ငံနှင့် ကိုက်ညီသည့် လူဦးရေ မူဝါဒများကို ရေးဆွဲချမှတ်ပြီး မျိုးဆက်တစ်ခုစာ ကြိုတင်မြော်တွေးကာ ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ယခု ရေတွင်းတူး ယခုရေကြည်သောက်ချင်၍ မရနိုင်ကြောင်း။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူမှုကို ပြည်ပအကူအညီမပါဘဲ ပြည်တွင်းအားဖြင့် အောင်မြင်အောင် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည့်အတွက် နိုင်ငံအတွက် ဂုဏ်ယူရမည့် အမျိုးသားရေးလုပ်ငန်းစဉ် အောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း၊ ယနေ့ သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ခြင်း အခမ်းအနားသည် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ၏ စည်းလုံးညီညွတ်သည့် စုပေါင်းအားဖြင့် ဆောင်ရွက်ခဲ့သည့် အောင်မြင်မှုအဖြစ် ကမ္ဘာ့အလယ်တွင် သမိုင်းမှတ်တိုင်စိုက်ထူနိုင်ခြင်းလည်းဖြစ်ကြောင်း။

မိမိရှေ့တွင် ဆိုခဲ့သည့်အတိုင်း ၂၀၂၄ သန်းခေါင်စာရင်း အစီရင်ခံစာသည် မိမိတို့ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် မူဝါဒချမှတ်နိုင်ရန် လမ်းပြမြေပုံတစ်ခုအဖြစ် အကျိုးရှိရှိ အသုံးပြုရန်အရေးကြီးကြောင်း၊ ယင်းကိန်းဂဏန်း အချက်အလက်များကို ဆန်းစစ်လေ့လာသုံးသပ်ပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဖော်ဆောင်ကြရမည် ဖြစ်ကြောင်း၊ ထိုသို့ဖော်ဆောင်ရာတွင် လူငယ်လူရွယ်များ အရည်အသွေးမြင့်မားရေးအတွက် စီမံဆောင်ရွက်ပေးပြီး အခွင့်အလမ်းများ၊ မျှော်လင့်ချက်များ ဖန်တီးပေးကြရန်၊ ပညာရေးကို လုပ်သားဈေးကွက် လိုအပ်ချက်များနှင့် ချိန်ညှိပေးပြီး ခိုင်မာသည့် အသက်မွေးဝမ်းကျောင်း သင်တန်းများ ထူထောင်ပေးကြရန်၊ နည်းပညာနှင့် မောင်းနှင်သည့် အနာဂတ်ဖြစ်စေရန် မိမိတို့၏ လုပ်သားအင်အားကို ပြင်ဆင်နိုင်အောင် ကြိုးစားကြရန်၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် ထိခိုက်လွယ် အုပ်စုများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များ တည်ထောင်ပေးကြရန်၊ နိုင်ငံတွင်း၌ ရေရှည်တည်တံ့ပြီး အရည်အသွေးရှိသည့် အလုပ်အကိုင်များ ဖန်တီးပေးခြင်းဖြင့် ရွှေ့ပြောင်းခြင်းကို အကျိုးရှိအောင် စီမံခန့်ခွဲပေးကြရန်၊ မိမိတို့နိုင်ငံ၏ လူဦးရေဖွဲ့စည်းမှုနှင့်အညီ မြေ၊ ရေနှင့် သဘာဝ အရင်းအမြစ်များကို အကျိုးရှိရှိ မျှတစွာ အသုံးပြုနိုင်အောင် စီမံပေးကြရန်၊ ယနေ့ ကျောင်းစာသင်ခန်းတွင် ရှိနေသည့် ကလေးတိုင်းသည် မြန်မာနိုင်ငံ၏ အနာဂတ်ကို ပခုံးပြောင်းပုံဖော်မည့် အသိပညာရှင်၊ အတတ်ပညာရှင်အဖြစ် မှတ်ယူပြီး ပညာရေးကို မြှင့်တင်ပေးကြရန် မှာကြားလိုကြောင်း။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ရလဒ်များကို မူဝါဒ၊ စီမံကိန်းများ ရေးဆွဲချမှတ်သူများ၊ အချက်အလက် အသုံးပြုသူများအားလုံး အကျိုးရှိရှိ အသုံးပြုနိုင်ရန် ယနေ့ ထုတ်ပြန်ပါကြောင်းကို ဂုဏ်ယူဝမ်းမြောက်စွာ ကြေညာအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က သန်းခေါင်စာရင်း ရလဒ်များအား အကျဉ်းချုပ်ရှင်းလင်းတင်ပြပြီး **"မြန်မာ့ပုံရိပ်ကို ထင်ဟပ်ဖော်ညွှန်းမည့် ၂၀၂၄ သန်းခေါင်စာရင်း"** အမည်ရသည့် သန်းခေါင်စာရင်း လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကို ပြသသည်။

ဆက်လက်၍ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ ယိမ်းအဖွဲ့များက "နိုင်ငံ့အကျိုးမျှော်ကိုးရည် ရှေ့သို့လှမ်းချီပန်းတိုင်ဆီ" သီချင်းဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ယိမ်းအဖွဲ့များက "ငြိမ်းချမ်းကြစို့ ရွှေပြည်မြန်မာ" သီချင်းဖြင့်လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယိမ်းအဖွဲ့များက "အောင်မြင်ခြင်း မင်္ဂလာ" သီချင်းဖြင့်လည်းကောင်း အသီးသီး သီဆို ကပြဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**ပြကွက်တစ်ခုချင်း လှည့်လည်ကြည့်ရှု**

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ် အကြောင်းအရာ သန်းခေါင်စာရင်း ပြည်ထောင်စု အစီရင်ခံစာ ထုတ်ပြန်ခြင်း အထိမ်းအမှတ် ပြခန်းအတွင်း ခင်းကျင်းပြသထားမှုများအား ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန် ၆၁ ရက် သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၈-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၅/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၁) ကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက် နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၅-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၀/၂၀၂၅) ဖြင့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၅၁/၂၀၂၅) ဖြင့် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၅၂/၂၀၂၅) ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များကို လည်းကောင်း၊ ကြေညာချက်အမှတ် (၅၃/၂၀၂၅) ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များကို လည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁) တွင် ပါဝင်သည့် မြို့နယ်များကို သတ်မှတ်ကြေညာပြီးဖြစ်သည်။

## ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ မယ်တော်မိဖုရားကြီး ကံတော်ကုန်သွားခဲ့ခြင်းအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရကိုယ်စား ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး

**ရန်ကုန် အောက်တိုဘာ ၂၇** ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ မယ်တော်မိဖုရားကြီး Her Majesty Queen Sirikit သည် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် ကံတော်ကုန်သွားခဲ့ခြင်းအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အစိုးရကိုယ်စား နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် အမှတ် ၉၄၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး၌ ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်၌ ယနေ့မွန်းလွဲပိုင်းတွင် သွားရောက် လက်မှတ်ရေးထိုးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့် တာဝန်ရှိသူများအား သံရုံးသည့်ခန်းမတွင် တွေ့ဆုံနှုတ်ဆက်၍ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ မယ်တော်မိဖုရားကြီး Her Majesty Queen Sirikit ကံတော်ကုန် သွားခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အစိုးရကိုယ်စား ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကား ပြောကြားပြီး ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့သည်။

ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ မယ်တော်မိဖုရားကြီး Her Majesty Queen Sirikit သည် ကံတော်ကုန်ချိန်တွင် အသက် ၉၃ နှစ် ရှိပြီးဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ မယ်တော်မိဖုရားကြီး Her Majesty Queen Sirikit ကံတော်ကုန်သွားခဲ့ခြင်းအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရကိုယ်စား ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး ဂျူဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၇** ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီးဂျူဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ ၁ (သုဝဏ္ဏ)၌ ပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ်အဖြစ် ပြိုင်ပွဲဝင်အသင်းများ၏ အတိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ အားကစားနည်းများအလိုက် တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက် ဆုရရှိသောအသင်းများအား တာဝန်ရှိသူများကလည်းကောင်း၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်းနှင့်ဆင့်ပွားဒိုင်းဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား တိုင်းမှူးက တံခွန်စိုက်ဒိုင်းဆုနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။ (ဓာတ်ပုံ)

အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း ဂျူဒိုပြိုင်ပွဲအား ခတ၊ အတိုက်၊ အသင်းလိုက် အမျိုးသား၊ အမျိုးသမီးတို့ဖြင့် အမျိုးအစား သုံးမျိုးပါဝင်ပြီး ပြိုင်ပွဲဝင် အသင်း ၁၂ သင်းဖြင့် အောက်တိုဘာ ၂၂ ရက်မှ ယနေ့အထိ ကျင်းပပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၇** မန္တလေးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း လန်ချန်း-မဲခေါင် ရွှေရောင်အနာဂတ်များဆီသို့ ရုပ်သံမှတ်တမ်း အစီအစဉ်အတွက် တွေ့ဆုံမေးမြန်းမှုအား လက်ခံဖြေကြား

**နေပြည်တော် အောက်တိုဘာ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မြန်မာ့ရုပ်မြင်သံကြားနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ Yunnan Media Group (YMG) တို့ ပူးပေါင်းရိုက်ကူးလျက်ရှိသည့် “လန်ချန်း-မဲခေါင် ရွှေရောင်အနာဂတ်များဆီသို့” ရုပ်သံမှတ်တမ်း အစီအစဉ်တွင် ပြန်ကြားရေးကဏ္ဍမှ တစ်ဆင့် တရုတ်-မြန်မာ နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် နားလည်မှုတိုးမြှင့်လာစေရန် ဆောင်ရွက်ပေးမှုနှင့်စပ်လျဉ်း၍ ပူးပေါင်းရိုက်ကူးရေးအဖွဲ့၏ တွေ့ဆုံမေးမြန်းမှုကို ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံဖြေကြားသည်။ **(ယာပုံ)**



ထိုသို့ လက်ခံဖြေကြားရာတွင် “မဲခေါင်-လန်ချန်း” ပူးပေါင်းစီမံကိန်းသည် မဲခေါင်ဒေသခွဲ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေပြီး ဒေသတွင်းနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပါကြောင်း၊ ၂၀၁၈ ခုနှစ်တွင် CCTV နှင့်ပူးပေါင်း၍ “မဲခေါင်-လန်ချန်း ခရီးသွား အစီအစဉ်”နှင့် ၂၀၁၉ ခုနှစ်တွင် YMG နှင့်ပူးပေါင်း၍ “တောင်ပိုင်း ပိုးလမ်းမသစ်ကြီး မှတ်တမ်းရုပ်ရှင်” တို့ကို ရိုက်ကူးထုတ်လုပ်ခဲ့ပြီး နှစ်ဖက်ရုပ်သံလိုင်းများတွင် ပြသခဲ့ပါကြောင်း၊ ယူနန်ပြည်နယ် ကူမင်းမြို့တွင် ကျင်းပခဲ့သည့် Twin City Media Forum ကိုလည်း ဝန်ကြီးဌာနများ၊ ပြင်ပမီဒီယာများနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို ဦးဆောင်ကာ နှစ်နှစ်ဆက်တိုက် တက်ရောက်ခဲ့ခြင်းဖြင့် နှစ်နိုင်ငံမီဒီယာများအကြား နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ယဉ်ကျေးမှုဖလှယ်မှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မီဒီယာကဏ္ဍဖြင့် အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုအပြင် ပြည်သူအချင်းချင်းဆက်ဆံရေးကိုလည်း ပိုမိုမြှင့်တင်ပေးနိုင်ပြီး ချစ်ကြည်ရင်းနှီးမှုကိုလည်း ပိုမိုခိုင်မြဲစေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

“လန်ချန်း-မဲခေါင် ရွှေရောင်အနာဂတ်များဆီသို့” ရုပ်သံမှတ်တမ်းအစီအစဉ်ကို လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း၏ ၈ နှစ်တာကာလအတွင်း လန်ချန်း-မဲခေါင် ၆ နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် အထင်ကရစီမံကိန်းများနှင့် အောင်မြင်မှုများကို မှတ်တမ်းတင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ Yunnan Media Group (YMG) တို့ ပူးပေါင်းရိုက်ကူးလျက်ရှိသည့် တစ်နှစ်တာစီမံကိန်းဖြစ်ပြီး တစ်ပိုင်းလျှင် မိနစ် ၃၀ ဖြင့် အပိုင်းငါးပိုင်း ရိုက်ကူးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ရုပ်သံမှတ်တမ်းအစီအစဉ်တွင် မြန်မာနိုင်ငံအတွင်း လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းအရ ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံ အဆင့်မြှင့်တင်မွမ်းမံပြင်ဆင်ခြင်း၊ ဒလ တံတားတည်ဆောက်ခြင်း၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံသုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန (VFRDC)တွင် နည်းပညာဆိုင်ရာ သုတေသနဆောင်ရွက်ခြင်းနှင့် မန္တလေးမြေလျှင်ကြီးအတွင်း တရုတ်ရှာဖွေကယ်ဆယ်ရေးအဖွဲ့က ကယ်ဆယ်ခဲ့သူများနှင့် တွေ့ဆုံမေးမြန်းမှုများအား ရိုက်ကူးခဲ့ပြီး ရန်ကုန်ဆိပ်ကမ်းကို ဆက်လက်ရိုက်ကူးမည်ဖြစ်ကြောင်းနှင့် အဆိုပါရုပ်သံမှတ်တမ်းအစီအစဉ်အား တည်းဖြတ်ပြီးစီးပါက မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ နှစ်ဖက်ရုပ်သံလိုင်းများတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၇**

၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့်ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။



ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကိုယ်စား) တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဖွင့်ပွဲပွဲစဉ်ဖြစ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ **(ဝဲပုံ)**

အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် အောက်တိုဘာ ၃၁ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။**သတင်းစဉ်**

## နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

## ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**လှည်းကူး အောက်တိုဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မင်းကုန်းကျေးရွာအုပ်စု ဝါးယားကုန်းကျေးရွာသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်လင်းသန်း၊ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုသည်။ **(ယာပုံ)**

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် အဆိုပါကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများအား စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



## တရားမဝင်စက်သုံးဆီလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုကြရန် အသိပေးတိုက်တွန်း

**နေပြည်တော် အောက်တိုဘာ ၂၇**

စွမ်းအင်ဝန်ကြီးဌာန စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီနှင့် ရေနံနှင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတို့သည် စက်သုံးဆီများ တင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ စနစ်တကျစီမံဆောင်ရွက်လျက်ရှိသည့်အပြင် တရားမဝင်စက်သုံးဆီလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေကြောင်း စိစစ်တွေ့ရှိရပါကလည်း ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တရားမဝင်စက်သုံးဆီ သယ်ယူဖြန့်ဖြူးရောင်းချမှု ၅၅၃ ကြိမ်မှ ငွေကျပ်တန်ဖိုး ၁၈၉၂ သန်းကျော် တန်ဖိုးရှိသည့် စက်သုံးဆီတန်ချိန် ၃၀၃၇ တန်ခန့်ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ရကြောင်း စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီမှ သိရှိရသည်။

ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေပုဒ်မ ၃၀ အရ “**မည်သူမျှ ဤဥပဒေအရ လိုင်စင်ရယူရန်လိုအပ်သည့်လုပ်ငန်း သို့မဟုတ် ဆောင်ရွက်မှုတစ်ခုခုကို သက်ဆိုင်ရာလိုင်စင်မရရှိဘဲ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ**” ဟု ပြဋ္ဌာန်းထားသည့်အတွက် တရားမဝင်စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးရောင်းချမှုမရှိစေရေးနှင့် လျော့နည်းပပျောက်စေရေးကို ဥပဒေနှင့်အညီ ထိန်းကြောင်းဆောင်ရွက်လျက်ရှိသည့်အပြင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအဖွဲ့များနှင့် ပူးပေါင်းပြီး စစ်ဆေးကြပ်မတ်ဆောင်ရွက်ခြင်းနှင့် တရားမဝင်စက်သုံးဆီဖြန့်ဖြူးရောင်းချခြင်းမရှိစေရန် အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် တရားဝင်လုပ်ငန်းလိုင်စင်ရယူ၍ လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်သော်လည်း ဥပဒေပြဋ္ဌာန်းချက်များ၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည်ကို စိစစ်တွေ့ရှိရပါက ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်အရ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းဥပဒေပုဒ်မ ၃၄ ပုဒ်မခွဲ(က) အရ **သတိပေးခြင်း**၊ ပုဒ်မ ၃၄ ပုဒ်မခွဲ(ခ)အရ **သတ်မှတ်ထားသော ဒဏ်ကြေးငွေတပ်ရိုက်ခြင်း**၊ ပုဒ်မ ၃၄ ပုဒ်မခွဲ(ဂ)အရ **လိုင်စင်ကို ကာလအကန့် အသတ်ဖြင့်ရပ်ဆိုင်းခြင်း**၊ ပုဒ်မ ၃၄ ပုဒ်မခွဲ(ဃ)အရ **လိုင်စင်ကို အမြဲတမ်းရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း** စသည့် အရေးယူမှုများကို ဆောင်ရွက်နိုင်ကြောင်း သိရသည်။

စက်သုံးဆီများအား တရားမဝင် သယ်ယူသိုလှောင်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများသည် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရသည့် လုပ်ငန်းများမဟုတ်သဖြင့် မီးဘေးအန္တရာယ်ဖြစ်ပွားနိုင်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်ကာ နိုင်ငံတော်နှင့် အများပြည်သူပိုင်ပစ္စည်းများ ဆုံးရှုံးနိုင်ခြင်း၊ နိုင်ငံတော်မှရသင့်ရထိုက်သည့် ဘဏ္ဍာငွေများ ဆုံးရှုံးနစ်နာနိုင်ခြင်း၊ အများပြည်သူအနေဖြင့် စံချိန်စံညွှန်း၊ အရည်အသွေးပြည့်မီသည့် စက်သုံးဆီများ မသုံးစွဲနိုင်ခြင်း စသည့်ထိခိုက်နစ်နာမှုများအပြင် ဥပဒေနှင့်လည်း ညီညွတ်ခြင်းမရှိသဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုကြရန်နှင့် ဥပဒေနှင့်အညီ သက်ဆိုင်ရာလုပ်ငန်းလိုင်စင်များ ရယူဆောင်ရွက်ကြရန် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသိပေးတိုက်တွန်းနှိုးဆော်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုနှင့်ပတ်သက်၍ ဝန်ထမ်းများတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှု အခြေအနေများနှင့် ပတ်သက်၍ ဝန်ထမ်းများတွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**



တွေ့ဆုံပွဲသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ အမှုဆောင်အရာရှိချုပ်နှင့် ဌာနဆိုင်ရာများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လျှပ်စစ်မန်နေဂျာများ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ်လျှပ်စစ်မန်နေဂျာများ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများနှင့် ဘဏ္ဍာရေးတာဝန်ခံများ တက်ရောက်ကြသည်။

**နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဓာတ်အားထုတ်လုပ်မှုကို တိုးချဲ့တည်ဆောက်နိုင်ရန် စီစဉ်ဆောင်ရွက်နေသကဲ့သို့ ထုတ်လုပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားများကို ပိုမိုသယ်ဆောင်နိုင်ရန်ကိုလည်း စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ မကြာမီအချိန်တွင်လည်း လက်ရှိထုတ်လုပ်နေမှုများမှ ထပ်မံတိုးချဲ့ထုတ်လုပ်နိုင်ရန် နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လျှပ်စစ် ဓာတ်အားပို့လွှတ်မှုနှင့် ဖြန့်ဖြူးမှုအပိုင်းတွင်လည်း တည်ငြိမ်ပြည့်ဝသည့် ဓာတ်အားစနစ်ရရှိရေးတို့ကို ဟန်ချက်ညီ တိုးတက်ကောင်းမွန်စေရန် စီမံဆောင်ရွက်မှုများအပေါ် အားလုံးမှ တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ဓာတ်အားခကောက်ခံရာတွင်လည်း ရရှိသင့်သော နိုင်ငံတော်၏ဘဏ္ဍာငွေကို အလေအလွင့်မရှိစေရေး စနစ်တကျ ကောက်ခံသွားရန်နှင့် ဓာတ်အားခကြွေးကျန်များကိုလည်း ရာနှုန်းပြည့်ကောက်ခံရရှိရေး တွန်းအားပေးဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မိမိတို့မြို့နယ်များအတွင်း တရားမဝင် ဓာတ်အားရယူသုံးစွဲမှုများမရှိစေရေး ပုံမှန်စစ်ဆေးခြင်းအပြင် ရှောင်တခင်စစ်ဆေးရေးအဖွဲ့များဖြင့် Spot Check, Cross Check, Counter Check နှင့် Surprise Check စစ်ဆေးခြင်းများကို အဖွဲ့ဖွဲ့၍ စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်သွားရန်နှင့် ဓာတ်အားခကောက်ခံရငွေများ အလွဲသုံးစားမှုများ မဖြစ်စေရေး၊ မီတာဖတ်ရှုမှုအား မှန်ကန်စွာဖတ်ရှုသွားနိုင်ရေး တာဝန်ရှိသူအဆင့်ဆင့်က စစ်ဆေးကြပ်မတ်သွားရန် လိုအပ်ပါကြောင်း၊ ယခုနှစ် လာမည့် ဒီဇင်ဘာ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ကျင်းပပြုလုပ်မည်ဖြစ်၍ မိမိတို့ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်း၊ ကော်ပိုရေးရှင်းများမှ နိုင်ငံ့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ဆန္ဒမဲပေးပိုင်ခွင့်များ ဆုံးရှုံးမှုမရှိစေရန်နှင့် အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်း ဆန္ဒမဲပေးနိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ကြေညာချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီး စနစ်တကျမဲပေးနိုင်ရေး တာဝန်ရှိသူများက အဆင့်ဆင့်ကြီးကြပ်၍ စီမံဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် အထက်မြန်မာပြည် အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၄)သင်တန်းဖွင့်လှစ်

**နေပြည်တော် အောက်တိုဘာ ၂၇**

အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ်(၁၄)၏ သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) နီလာခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးဆန်းမြင့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြား/ စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်က မိမိတို့လက်အောက်ဝန်ထမ်းများကို မှန်ကန်တိကျသည့် ဦးဆောင်လမ်းညွှန်မှုများကို ချမှတ်ပေးပြီး မိမိအထက်အဆင့်များကိုလည်း တာဝန်ခံမှု၊ တာဝန်ယူမှုများဖြင့် အထောက်အကူပြုဆောင်ရွက်ပေးကြရန်၊ အလယ်အလတ်အဆင့် အရာထမ်းများဖြစ်၍ ညှိနှိုင်းပေါင်းစပ် ပူးပေါင်းဆောင်ရွက်ခြင်း အရည်အသွေးနှင့် စွမ်းဆောင်ရည် ပြည့်ဝသူများဖြစ်အောင် ကြိုးစားကြရန်၊ သင်တန်းစည်းကမ်းများကို အပြုသဘောအနေဖြင့် လက်ခံပြီး ဌာန/အဖွဲ့အစည်း၏ ဂုဏ်သိက္ခာမြှင့်တင်နိုင်ရေး ကြိုးစားအားထုတ်ကြရန်နှင့် နောင်တစ်ချိန်တွင် နိုင်ငံတော်၏ အဆင့်မြင့်တာဝန်များ၊ အရေးကြီးတာဝန်များ ထမ်းဆောင်ခွင့်ရရန် အလားအလာကောင်းသူများဖြစ်သည့်အတွက် ပညာဗဟုသုတ ပြည့်ဝကုံလုံပြီး စိတ်ဓာတ်မြင့်မားအမြော်အမြင်ရှိသော အရာထမ်းကောင်းများဖြစ်အောင် ပြုမူနေထိုင်ကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၅၀၊ သင်တန်းသူ ၅၁ ဦး စုစုပေါင်း ၁၀၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၂၇ ရက်မှ ၂၀၂၆ ခုနှစ် မတ် ၁၈ ရက်အထိဖြစ်သည်။

ဆက်လက်၍ အဖွဲ့ဝင် ဦးဆန်းမြင့်သည် တက္ကသိုလ်မှတာဝန်ရှိသူများနှင့်အတူ တက္ကသိုလ်စစ်ရေးပြကွင်း၌ အရာထမ်းငယ်သင်တန်း အမှတ်စဉ် (၁၀၄) နှင့် စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ် (၁၁၄)တို့၏ သင်တန်းဆင်းစစ်ရေးပြလေ့ကျင့်နေမှု၊ သင်တန်းခန်းမများ၌ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး သင်တန်းအမှတ်စဉ် (၁၇)နှင့် စာရေးဝန်ထမ်းကြီးကြပ်သင်တန်းအမှတ်စဉ် (၂၇) တို့၏ သင်ခန်းစာပို့ချနေမှု အခြေအနေများနှင့် ပတ္တမြားခန်းမ၌ အရာထမ်းလောင်း (အထူး) သင်တန်းအမှတ်စဉ် (၁၅)၏ စာမေးပွဲဖြေဆိုနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဥပဒေရေးရာဝန်ကြီးဌာနက ဥပဒေဘာသာပြန်စာအုပ် အမှတ် (၁၆) ထုတ်ဝေ

**နေပြည်တော် အောက်တိုဘာ ၂၇**

ဥပဒေရေးရာဝန်ကြီးဌာနသည် ဥပဒေဘာသာပြန်ကော်မရှင်က မြန်မာဘာသာသို့ ပြန်ဆိုပြီးသည့် ဥပဒေများကို စာအုပ်ထုတ်ဝေလျက်ရှိရာ ဘာသာပြန်စာအုပ် အမှတ်(၁၆)ကို ထုတ်ဝေပြီးဖြစ်ပါသည်။

ဥပဒေဘာသာပြန်အဖွဲ့ကို ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေအရ ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကာ ဥပဒေပညာရှင်များ၊ ဘာသာပြန်ဆိုင်ရာကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းထားပါသည်။

ဥပဒေဘာသာပြန်ကော်မရှင်အဖွဲ့သည် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့သော ဥပဒေများကို မြန်မာဘာသာသို့ ပြန်ဆိုလျက်ရှိရာ သင်္ဘောကုန်တင်တန်ဆာများအက်ဥပဒေ (The Bills of Lading Act)၊ ခရိုင်ခိုင်ကြေးအက်ဥပဒေ (The District Cesses Act)၊ သေစေနိုင်သော မတော်တဆထိခိုက်မှုများအက်ဥပဒေ (The Fatal Accidents Act)၊ မြန်မာနိုင်ငံကူးလက်မှတ်အက်ဥပဒေ (The Myanmar Passport Act)၊ အဆိပ်များအက်ဥပဒေ (The Poisons Act)၊ ဘာသာရေး အသင်းအဖွဲ့များအက်ဥပဒေ (The Religious Societies Act) တို့ကို မြန်မာဘာသာသို့ပြန်ဆိုခဲ့ပြီး အဆိုပါမြန်မာဘာသာပြန်ဆိုထားသည့်ဥပဒေများသည် ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၁၂ အရ မူလ စာမူနှင့် အလားတူ အာဏာတည်ကြောင်း ဥပဒေဘာသာပြန်ကော်မရှင်၏ အမိန့်အမှတ် ၂/ ၂၀၂၅ ဖြင့် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ ဘာသာပြန်ဆိုပြီးသည့် ဥပဒေ ၆ ခုကို စုစည်း၍ ဥပဒေဘာသာပြန်စာအုပ် အမှတ်(၁၆) အဖြစ် ပြုစုထုတ်ဝေခြင်းဖြစ်ပြီး မြန်မာဘာသာပြန်ဆိုချက်များကို မူလ စာမူနှင့် ယှဉ်တွဲဖက်ရှုလေ့လာနိုင်ရန် မူလအင်္ဂလိပ်စာမူကိုလည်း ဤစာအုပ်တွင် ထည့်သွင်းဖော်ပြထားသည်။

ဥပဒေရေးရာဝန်ကြီးဌာနက ထုတ်ဝေသည့် ဥပဒေဘာသာပြန်စာအုပ် အမှတ် (၁၆) သည် တရားဝင် ကိုးကားသုံးစွဲနိုင်သည့် စာအုပ်တစ်အုပ်ဖြစ်သည့်အပြင် ဥပဒေပညာရှင်များ၊ ရှေ့နေရှေ့ရပ်များနှင့် ဥပဒေပညာကို လေ့လာလိုက်စားလိုသူများအတွက် အသုံးဝင်မည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပြီး စာကြည့်တိုက်များတွင် ထားရှိသင့်သည့် စာအုပ်တစ်အုပ်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**




**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ခရီးသွားစေချင်သလား . . . တွန်းအားနှင့် ဆွဲအား တိုးပွားစေပါ

**ယနေ့ကမ္ဘာပေါ်တွင် ခရီးသွားလုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်မြင့်မားလာသော လုပ်ငန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ UN Tourism မှ ထုတ်ပြန်ကြေညာသော စာရင်းဇယားများအရ ၂၀၂၄ ခုနှစ်အတွက် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားအရေအတွက်သည် ၁ ဒသမ ၄ ဘီလီယံရှိကြောင်း သိရှိရပါသည်။**

*စည်သူကျော်*

ခရီးသွားလုပ်ငန်းကဏ္ဍတွင် ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာ စသည့် တည်းခိုနေထိုင်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ လေယာဉ်၊ ကား၊ ရထား စသည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ အစားအစာနှင့် အဖျော်ယမကာ ထုတ်လုပ်ဝန်ဆောင်မှုလုပ်ငန်းများ၊ လှည့်လည်ပြသရေးနှင့် ဖျော်ဖြေရေး စသည့်ကဏ္ဍစုံစုစည်းပါဝင်ပါသည်။

**ခရီးသွားလုပ်ငန်း ဖော်ထုတ်မြှင့်တင်**

ခရီးသွားလုပ်ငန်းသည် ဒေသခံများ၏ ဝင်ငွေနှင့် အလုပ်အကိုင် အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ခြင်း၊ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများနှင့် နိုင်ငံခြားဝင်ငွေရရှိနိုင်ခြင်း၊ သန့်ရှင်းသော သောက်သုံးရေ၊ လျှပ်စစ်မီး၊ လမ်းပန်းဆက်သွယ်ရေး စသည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ ယဉ်ကျေးမှုများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို အထောက်အကူပြုစေခြင်း စသည့် အကျိုးကျေးဇူးများကြောင့် ကမ္ဘာပေါ်တွင် နိုင်ငံအများစုသည် မိမိတို့နိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖော်ထုတ်မြှင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပါသည်။

ယနေ့ခေတ် ခရီးသွားလုပ်ငန်းကဏ္ဍကို လေ့လာကြည့်မည်ဆိုပါက အပန်းဖြေအနားယူခြင်းသက်သက်သာမက လူသားတို့၏ စူးစမ်းရှာဖွေလေ့လာလိုမှု၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် အခြားသော လိုအင်ဆန္ဒများအပေါ် မူတည်ပြီး ခရီးသွားလုပ်ငန်းအမျိုးအစားများ ကွဲပြားခြားနားလာသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းအကြောင်း ပြောဆိုဆွေးနွေးကြရာတွင် ခရီးစဉ်ဒေသများအကြောင်း၊ ခရီးစဉ်ဒေသစီမံခန့်ခွဲသူများအကြောင်း၊ ရပ်ရွာလူထုအခြေပြုကြသူများအကြောင်းနှင့် ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ကြရမည်ဆိုသည့် အကြောင်းအရာများကို ကျယ်ကျယ်ပြန့်ပြန့် တင်ပြဆွေးနွေးလေ့ရှိကြပါသည်။

ခရီးသွားခြင်းနှင့်စပ်လျဉ်း၍ ခရီးစဉ်ဒေသများ၏ သာယာလှပပုံ၊ အမျိုးအစားစုံလင်လှသော ခရီးသွားလုပ်ငန်း အမျိုးအစားများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများရှိပုံ၊ ခရီးသွားလုပ်ငန်းသည် နိုင်ငံ့စီးပွားရေးနှင့် လူမှုပတ်ဝန်းကျင်၊ သဘာဝပတ်ဝန်းကျင်တို့အပေါ် သက်ရောက်မှုရှိပုံတို့ကို နတ်ကရာ ကျီးမောဆိုသလို တွေ့မြင်ခံစားခဲ့ရသည်။ သို့သော် ယင်းတို့၏နောက်ကွယ်က အရေးပါသော မည်သည့်အကြောင်းအရာများက ခရီးသွားများကို ခရီးသွားရန် စေ့ဆော်တိုက်တွန်းနေသည်ကို ဖော်ထုတ်သုံးသပ်ရန် လိုအပ်ပါသည်။



ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း။

လူအများ အဘယ်ကြောင့် ခရီးသွားကြသနည်း။ ၎င်းတို့ ခရီးသွားချင်စိတ်ဖြစ်ပေါ်လာရန် မည်သည်တို့က စေ့ဆော်တိုက်တွန်းနေပါသနည်း။

**ခရီးထွက်ရန် စေ့ဆော်မှုနှစ်မျိုးရှိ**

**ခရီးသွားလုပ်ငန်းဆိုင်ရာပညာရပ်နယ်ပယ်တွင် လူတို့ ခရီးထွက်ခွာစေရန် စေ့ဆော်တိုက်တွန်းသော Factor နှစ်မျိုးရှိသည်ဟု ဖော်ပြပါသည်။ ယင်းတို့မှာ တွန်းအား (Push Factor) နှင့် ဆွဲအား (Pull Factor) တို့ ဖြစ်ကြပါသည်။ ဘာသာရပ်ဆိုင်ရာနယ်ပယ်တွင် Push and Pull Factor ဟုခေါ်ဆိုကြပြီး ခရီးသွားလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုဘာသာရပ် (Tourism Management ဘာသာရပ်) တွင် အဓိကထည့်သွင်းသင်ကြားလေ့ရှိကြပါသည်။** (အခြားသောလုပ်ငန်းကဏ္ဍများတွင်လည်း သုတေသနပြုလုပ်ရာတွင် Push and Pull Factor ကို အသုံးပြုကြသော်လည်း ဤဆောင်းပါးတွင် ခရီးသွားလုပ်ငန်းကဏ္ဍအတွက်ကိုသာ ဖော်ပြသွားမည်ဖြစ်ပါသည်။)

ယင်းတွန်းအားနှင့် ဆွဲအား အကြောင်းအခြင်းအရာများသည် ခရီးသွားတို့၏ အပြုအမူနှင့် ခရီးစဉ်ဒေသရွေးချယ်မှုပုံစံတို့တွင် များစွာလွှမ်းမိုးမှုရှိသည်ကို တွေ့ရှိရသည်။ ခရီးသွားတို့၏ ပြုလုပ်ဆောင်ရွက်မှုအပေါ် မူတည်၍ ဖော်ဆောင်ရသော ခရီးသွားလုပ်ငန်းပုံစံ/ ခရီးသွားလုပ်ငန်းအမျိုးအစားများသည်လည်း ကွဲပြားသွားမည်ဖြစ်ပါသည်။

တွန်းအား (Push Factor) သည် မိမိအတွင်းသန္တာန်အတွင်းက စေ့ဆော်မှုဖြစ်ပြီး ထိုစေ့ဆော်တိုက်တွန်းမှုကြောင့် မိမိနေ့စဉ်ဘဝအတွင်းမှ ပြင်ပပြင်လွင်သို့ ခေတ္တယာယီ ခရီးထွက်ခွာသွားစေခြင်းဖြစ်ပါသည်။ နေ့စဉ်ဘဝအတွင်းမှ ပတ်ဝန်းကျင်အသစ်တစ်ခုသို့ အပြောင်းအလဲပြုလုပ်လိုသောဆန္ဒကို တွန်းအားပေးဖြစ်ပေါ်စေခြင်းသည် Push Factor ဖြစ်ပါသည်။

တွန်းအားတွင် အဓိကပါဝင်သော အချက်များမှာ–

- **Economic factors (စီးပွားရေးအရသက်ရောက်မှု)**။ လူတို့သည် စီးပွားရေးအဆင်ပြေ ငွေကြေးချောင်လည်ချိန်တွင် အလည်အပတ်၊ ဆေးကု၊ ပညာသင် စသည်ဖြင့် ခရီးသွားလာနိုင်ရန် အခွင့်အလမ်း ပိုမိုလာသည်ဖြစ်ရာ Economic factor သည် ခရီးသွားလာရန် အဓိကတွန်းအားပေးသော အရာတစ်ခုဖြစ်ပါသည်။
- **Social factors (လူမှုရေးအရသက်ရောက်မှု)**။ "Man is by nature a social animal" ဆိုသော အရစ္စတိုတယ်၏ စကားကဲ့သို့ လူတို့သည် လူမှုအသိုက်အဝန်းနှင့် ကင်းကွာ၍ မနေနိုင်ပေ။ ထို့ကြောင့် ရပ်ဝေးမြေခြားရှိ မိဘဆွေမျိုး မိတ်သင်္ဂဟများနှင့် သူငယ်ချင်းများထံ အလည်အပတ်သွားရောက်ခြင်းဆိုသော Visiting Friends and Relatives (VFR) ဟုခေါ်သော ခရီးသွားပုံစံ တစ်မျိုးပေါ်ထွန်းနေခြင်းဖြစ်ပါသည်။ ထို့ကြောင့် Social factor သည်လည်း ခရီးသွားလာမှုများဖြစ်ပေါ်စေရန် တွန်းအားပေးသော Push factor တစ်ခုပင်ဖြစ်ပါသည်။ နှစ်သစ်ကူး၊ သီတင်းကျွတ်၊ ခရစ္စမတ် စသည့်ကာလများတွင် ခရီးသွားအရေအတွက် များပြားခြင်းသည် ယင်း Social factor တည်းဟူသော Push factor ကြောင့်ဖြစ်ပါသည်။
- **Culture factors (ယဉ်ကျေးမှုဆိုင်ရာသက်ရောက်မှု)**။ "Travel is driven by curiosity" စူးစမ်းလိုမှုသည် ခရီးသွားခြင်းကိုဖြစ်စေသည်။ လူတို့သည် စူးစမ်းလိုစိတ်ဖြင့် ခရီးသွားကြသည်။ အခြားသူတို့၏ နေထိုင်စားသောက်ပုံ၊ ဝတ်စားဆင်ယင်မှုနှင့် ကိုးကွယ်ယုံကြည်မှု၊ တေးဂီတ၊ ဓလေ့ထုံးတမ်း စသည်ဖြင့် ယဉ်ကျေးမှုတို့ကို လေ့လာစူးစမ်းလိုမှုကြောင့် ခရီးသွားကြရာ Culture factor သည်လည်း Push factor တွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။
- **Psychological factors (စိတ်ခံစားမှုပိုင်းဆိုင်ရာ သက်ရောက်မှု)**။ လူသားတို့သည် မွန်းကျပ်သော လူနေမှုဘဝမှ ခေတ္တခဏဆိုသလို စိတ်အပန်းပြေလွတ်မြောက်စေခြင်းအလို့ငှာ ခရီးထွက်ကြသည်။ မိမိကိုယ်ကိုပြန်လည် တည်ဆောက်နိုင်စေခြင်းအလို့ငှာ ခရီးထွက်ကြသည်။ တစ်စုံတစ်ရာကို စွန့်စွန့်စားစားဖြင့် အောင်မြင်မှုအရသာကို ခံစားလိုခြင်းအလို့ငှာ ခရီးသွားကြသည်။ ယင်းသည် ခရီးသွားခြင်းအပေါ် Psychological factor ၏ တွန်းအားပေး သက်ရောက်မှုဖြစ်ပါသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း **ခရီးသွားလိုသော စိတ်ဆန္ဒကိုဖြစ်ပေါ်စေမှုတွင် တွန်းအားရှိသကဲ့သို့ ဆွဲအားလည်းရှိသည်ကို လေ့လာတွေ့ရှိရမည်ဖြစ်ပါသည်။ တွန်းအားနှင့် ဆွဲအားဆိုသော ဆန့်ကျင်ဘက်စကားလုံးနှစ်လုံးကဲ့သို့ပင် သဘောတရားအရာတွင်လည်း တွန်းအားသည် အတွင်းသန္တာန်မှလာသော စေ့ဆော်တိုက်တွန်းမှုဖြစ်ပြီး ဆွဲအားသည် ဆန့်ကျင်ဘက်အနေဖြင့် ပြင်ပဆွဲဆောင်မှုမှ ခရီးသွားလိုစိတ်ကို ဖြစ်ပေါ်စေသော အကြောင်းခြင်းရာဖြစ်ပါသည်။ ဆွဲအားသည် ပြင်ပမှ မိမိကိုဆွဲဆောင်သော အရာတစ်ခုခုကြောင့် ထိုခရီးစဉ်ဒေသသို့ သွားရောက်၍ တွေ့ကြုံခံစားလိုသော၊ ရှာဖွေစူးစမ်းလိုသော မိမိစိတ်ဆန္ဒပြည့်ဝစေရန် ခရီးသွားရောက်ခြင်းကိုဖြစ်ပေါ်စေခြင်းဖြစ်ပါသည်။**

ဆွဲအားတွင်လည်း တွန်းအားကဲ့သို့ပင် အဓိကအကြောင်းအခြင်းအရာလေးခု ပါဝင်ပါသည် –

- **Natural attractions (သဘာဝဆွဲဆောင်မှုများ)**။ နိုင်ငံများသည် မိမိတို့နိုင်ငံ၏ ခရီးသွားလုပ်ငန်းကို မည်သို့ ကြော်ငြာကြပါသနည်း။ သာယာလှပသော ကမ်းခြေများ၊ ရေတံခွန်များ၊ ရေအိုင်ကြီးများ၊ သာယာလှပသော တောတောင်များ အစရှိသဖြင့် မိမိတို့နိုင်ငံရှိ သဘာဝအလှတရားများကို အထူးပြု ကြော်ငြာကြသည်ကို တွေ့ရှိရမည်ဖြစ်သည်။

**❑ ခရီးသွားလုပ်ငန်းဆိုင်ရာ ပညာရပ်နယ်ပယ်တွင် လူတို့ ခရီးထွက်ခွာစေရန် စေ့ဆော်တိုက်တွန်းသော Factor နှစ်မျိုးရှိသည်ဟု ဖော်ပြပါသည်။ ယင်းတို့မှာ တွန်းအား (Push Factor) နှင့် ဆွဲအား (Pull Factor) တို့ ဖြစ်ကြပါသည်။ ဘာသာရပ်ဆိုင်ရာ နယ်ပယ်တွင် Push and Pull Factor ဟု ခေါ်ဆိုကြပြီး ခရီးသွားလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုဘာသာရပ် (Tourism Management ဘာသာရပ်)တွင် အဓိကထည့်သွင်းသင်ကြားလေ့ရှိကြပါသည်**

*စာမျက်နှာ ၉ သို့*

# ဒုတိယဝန်ကြီး ဦးအေးထွန်း ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့်အလှူတော်ငွေများ ဆက်ကပ်လှူဒါန်း



**နေပြည်တော် အောက်တိုဘာ ၂၇**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ရှိ ကမ္ဘောဇသျှမ်းကျောင်းကြီး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ရောက်ရှိပြီး ကျောင်းအုပ်ဆရာတော်၊ ကျောက်မဲမြို့နယ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တပညောဘာသအား ဖူးမြော်ကြည်ညိုကာ ဘုန်းတော်ကြီးသင်ပညာရေးကိစ္စများ လျှောက်ထား၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။(ယာပုံ)

ယင်းနောက် တိလင်ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဝါသဝနှင့် နိုင်ငံတော်ဩဝါဒါစရိယ၊ သဒ္ဓမ္မပါလပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဝေပုလ္လ တို့အား ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာကိစ္စများ လျှောက်ထား၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

**ထောက်ပံ့လှူဒါန်း**

ဒုတိယဝန်ကြီးသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ကျောက်မဲခရိုင် သာသနာရေးမှူးရုံးသို့သွားရောက်၍ ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများပေးအပ်ပြီး ရုံးဝင်းအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ကျောက်မဲမြို့ ရပ်ကွက်(၇)ရှိ ဥတ္တရဓမ္မာရုံ၌ နေရပ်သို့ပြန်လည်ဝင်ရောက်လာသည့် မြို့ခံပြည်သူများကို ရင်းနှီးနွေးထွေးစွာ တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်အိတ်များ၊ ထောက်ပံ့ ငွေများနှင့် ဓမ္မစာအုပ်များ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အသက် ၁၀၁ နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်အား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်



**ပူတာအို အောက်တိုဘာ ၂၇**

ကချင်ပြည်နယ် ပူတာအိုမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တစ်ဦးဖြစ်သူ တပ်သား ဆန်ဒေါင်းဖေါင် (အငြိမ်းစား)အား ပူတာအိုမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် အသက် ၁၀၁ နှစ်ပြည့် ဂါရဝပြုဂုဏ်ပြုချီးမြှင့်ငွေများကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံးတွင် ပေးအပ်ကြသည်။

ဦးစွာ တာဝန်ရှိသူများက အသက် ၁၀၁ နှစ်ပြည့် တပ်သားဆန်ဒေါင်းဖေါင်(အငြိမ်းစား)အား ဂါရဝပြုနှုတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်၊ ကချင်ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နှင့် ပူတာအိုမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့တို့မှ ပေးအပ်ချီးမြှင့်သည့် ဂုဏ်ပြုချီးမြှင့်ငွေများကို ဂါရဝပြုထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။(ဝဲပုံ) **သတင်းစဉ်**

## ပေါက်ခေါင်းမြို့နယ်၌ မိုးနှောင်းဝါစိုက်ပျိုးထားရှိမှု အခြေအနေအား ကွင်းဆင်းစစ်ဆေး

**ပေါက်ခေါင်း အောက်တိုဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် မြောက်မကွေကျေးရွာရှိ အခြေခံသမဝါယမအသင်းသားတောင်သူများ၏ မိုးနှောင်းဝါစိုက်ပျိုးထားရှိမှုကို မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပေါက်ခေါင်းမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တစ်ဧကလျှင် ကျပ်နှစ်သိန်းနှုန်းနှင့်ညီမျှသော Raka-666 (BT)မျိုးနှင့် သွင်းအားစုများကို ပံ့ပိုးဆောင်ရွက်ပေးထားသည့်အခြေခံသမဝါယမအသင်း ခုနစ်သင်း၊ အသင်းသား ၂၈၁ ဦး၏ မိုးနှောင်းဝါသီးနှံ ဧက ၁၃၀၀ အနက် မြောက်မကွေကျေးရွာရှိ တိုးတက်အောင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ အသင်းသားတောင်သူ ၁၀၀၀ ၏ စိုက်ဧက ၃၀၀ အား စိုက်ပျိုးထားရှိသော Raka-666 (BT) ၇၅ ရက်သားရှိ မိုးနှောင်းဝါစိုက်ခင်းအား ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

*စာမျက်နှာ ၈ မှ*

မြန်မာနိုင်ငံသည်လည်း နိုင်ငံမြောက်ဖျားပိုင်း ရေခဲတောင် ဖုံးလွှမ်းသောဒေသများမှသည် တောင်ဘက်ပိုင်း ကျွန်းစုများအထိ စသည်ဖြင့် သဘာဝအလှအပများကို ဖော်ထုတ် ကြော်ငြာခဲ့ကြပါသည်။ ကမ္ဘာပေါ်ရှိရင်သပ်ရှုမောဖွယ်ရာသဘာဝအလှတရားများသည် လူတို့အား မိမိတို့နေရင်းဒေသမှ ခရီးသွားလာမှုများပြုလုပ်စေရန် ဆွဲဆောင်လျက်ရှိပေသည်။ ဆွဲဆောင်မှုဟု ဆိုသည့်အတိုင်း သဘာဝအလှတရားများသည် ခရီးသွားလာမှုအတွက် ဆွဲအားများ ဖြစ်ကြပါသည်။

- **Cultural and Historical Heritage (ယဉ်ကျေးမှုနှင့် သမိုင်းဝင်အမွေအနှစ်များ)။** ယဉ်ကျေးမှုနှင့် သမိုင်းဝင်အမွေအနှစ်များသည် သဘာဝအလှအပ ဆွဲဆောင်မှုများကဲ့သို့ပင် ခရီးသွားများကို ဆွဲဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံရှိ ပုဂံခရီးစဉ်ဒေသနှင့် မန္တလေးတို့သည် ယဉ်ကျေးမှုအမွေအနှစ်များအား လေ့လာစူးစမ်းလိုသည့် ခရီးသွားများကို ဆွဲအားအဖြစ် ညို့ငင်ခေါ်ဆောင်လျက်ရှိကြသည်။ အခြားသောဒြပ်မဲ့ယဉ်ကျေးမှုများသည်လည်း ခရီးသွားလုပ်ငန်းအတွက် ဆွဲအားများ ဖြစ်ကြပါသည်။
- **Entertainment and Recreational Activities (ဖျော်ဖြေမှုနှင့် အပန်းဖြေမှုများ)။** အချို့ခရီးသွားများထံမှ ကြားဖူးသော စကားတစ်ခွန်းရှိသည်။ ယင်းမှာ "ပျော်ချင်လို့မှ ခရီးထွက်ပါတယ်။ စိတ်ညစ်လိုက်ရတာ" ဟူ၍ဖြစ်သည်။ ခရီးသွားလာရာတွင် ရံဖန်ရံခါ ပျင်းရိသွားတတ်သည်။အစားအသောက်အနေအထိုင် အသွားအလာတစ်ခုခု အဆင်မပြေသည့်အခါ စိတ်ညစ်စရာနှင့် ကြုံရတတ်သည်။ လူတို့ ခရီးသွားသည်မှာ စိတ်လက်ပေါ့ပါး ပျော်ရွှင်စွာ သွားလာနိုင်သင့်သည် မဟုတ်လား။ ထို့ကြောင့် ဖျော်ဖြေရေးနှင့် စိတ်အပန်းပြေရေးတို့သည် ခရီးသွားများအတွက် ဆွဲအားဖြစ်ပါသည်။ ပျော်ရွှင်စရာကောင်းသော စိတ်ချမ်းမြေ့ဖွယ်ရာကောင်းသော ခရီးစဉ်များကို ခရီးသွားများ ထပ်၍ ထပ်၍ သွားလာလည်ပတ်နေမည်သာဖြစ်သည်။
- **Infrastructure and Service (အခြေခံ အဆောက်အအုံနှင့် ဝန်ဆောင်မှု)။** ခရီးသွားလုပ်ငန်းသည် ဝန်ဆောင်မှုအခြေခံလုပ်ငန်းဖြစ်ရာ ဝန်ဆောင်မှုညံ့ဖျင်းခြင်းနှင့် ညှော်ဝတ်မကျေပွန်ခြင်းတို့သည် ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို အတားအဆီး ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် ဝန်ဆောင်မှုကောင်းခြင်းသည် ခရီးသွားများကို ဆွဲဆောင်သော ဆွဲအားဖြစ်ပါသည်။ အလားတူ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ တည်းခိုနေထိုင်မှု စသည့် အခြေခံအဆောက်အအုံများ အရည်အသွေးပြည့်မီကောင်းမွန်ခြင်းကလည်း ဆွဲအားဖြစ်ပါသည်။ စာရှုသူ သင်သည် တူညီသော ဈေးနှုန်းတစ်ခုတွင် လုံခြုံစိတ်ချရ၍ ဝန်ဆောင်မှုကောင်းမွန်သော ဟိုတယ်နှင့် ဝန်ဆောင်မှုညံ့ဖျင်း၍ သန့်ရှင်းသပ်ရပ်မှုမရှိသော ဟိုတယ်တို့တွင် မည်သည်က သင့်ကို လာရောက်တည်းခိုစေရန် ဆွဲဆောင်နေမည်နည်း။ ဤသည်က ဆွဲအားပင်ဖြစ်ပါသည်။

အထက်ဖော်ပြပါ တွန်းအားနှင့်ဆွဲအားတို့သည် ခရီးသွားများ၏ မိမိတို့သွားရောက်လိုသော ခရီးစဉ်ရွေးချယ်မှုတို့ကို အဆုံးအဖြတ်ပေးသော အဓိကအစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ ထို့အပြင် ခရီးသွားတို့၏ လိုအင်ဆန္ဒအပေါ် မူတည်၍ ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်မှု၊ အပြုသဘောဆောင်သော ပြောင်းလဲမှုတို့ကို ဖြစ်ပေါ်စေပါသည်။ ခရီးသွားဝန်ဆောင်မှုပြုသူများ၊ ခရီးသွား ထုတ်ကုန် ရောင်းချသူများ၏ ဈေးကွက် ဖော်ဆောင်မှုအပိုင်းကိုလည်း သက်ရောက်မှုများစွာ ဖြစ်ပေါ်စေပါသည်။

**မြန်မာတွင်သာမက ကမ္ဘာမှာပါ ထင်ရှားသည့် ပုဂံဒေသ**

ပြီးခဲ့သည့် သီတင်းကျွတ်ကာလအတွင်း ပုဂံခရီးစဉ်ဒေသသို့ခရီးသွားဘုရားဖူးပြည်သူ တစ်သိန်းခွဲကျော် လာရောက်ခဲ့ကြောင်း ဟိုတယ်ခရီး(ပုဂံ)ရုံးခွဲ၏ ဖြေကြားချက်ကို မြန်မာ့အလင်းသတင်းစာ၌ ဖတ်ရှုလိုက်ရသည်။ ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေသည် မြန်မာတွင်သာမက ကမ္ဘာမှာပါ ထင်ရှားသည့်ခရီးစဉ်ဒေသတစ်ခုဖြစ်ပြီး နှစ်စဉ် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည် အများအပြား လာရောက်လည်ပတ်ပြီး ဒေသ၏ စီးပွားရေးသည်လည်း ခရီးသွား လုပ်ငန်းအပေါ် များစွာ မှီခိုအားထားရလျက်ရှိသည်။

၂၀၂၅ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်ဆုရ စာတမ်းတစ်စောင်တွင် ပုဂံဒေသသို့ ခရီးသွားများ ပြန်လည်လာရောက်မှုကို Push and Pull factor ဖြင့် သုံးသပ်ပြထားသည်ကို ဖတ်ရှုလိုက်ရသည်။ အဆိုပါစာတမ်းတွင် လွယ်ကူစွာသွားလာနိုင်မှု၊ ယဉ်ကျေးမှုဆိုင်ရာဆွဲဆောင်မှုများ၊ သာယာလှပသော ရှုမျှော်ခင်းများသည် ပုဂံဒေသသို့ လာရောက်လည်ပတ်စေရန် ဆွဲဆောင်မှုများဖြစ်ကြောင်း စစ်တမ်းနှင့်တကွ သုံးသပ်တင်ပြထားပါသည်။

အထက်ဖော်ပြပါ ဆွဲအားလေးခုအနက် ပုဂံဒေသသည် Natural Attractions, Cultural and Historical Heritage, Infrastructure and Service ဆိုသော သုံးခုအကျုံးဝင်ကြောင်း သုံးသပ်ရပါသည်။ ထို့ကြောင့် ပုဂံဒေသသည် အစဉ်အလာကြီးမားသော မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသတစ်ခု (Matured Destination)အဖြစ် ရပ်တည်နေခြင်းဖြစ်ပါသည်။ Entertainment and Recreational Activities အပိုင်းတွင်လည်း ရုပ်သေးပွဲကဲ့သို့သော Cultural Show များကို တင်ဆက်လေ့ရှိရာ ပုဂံဒေသသည် အဓိက Pull factor အားလုံးနှင့် အကျုံးဝင်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

ခရီးစဉ်ဒေသ စီမံခန့်ခွဲသူများ (Destination Management Organiza- tions- DMOs)၊ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများက မိမိတို့လုပ်ကိုင်ဆောင်ရွက်သည့် ခရီးစဉ်ဒေသ၏ အားသာချက်၊ အားနည်းချက်များ၊ ခရီးသွားလုပ်ငန်းဈေးကွက်၏ တောင်းဆိုမှုများ၊ ခရီးသွားများ၏ အာသီသဆန္ဒများ၊ အခြေအနေများကို သိရှိစေရန်အားထုတ်ကြိုးပမ်းခြင်းဖြင့် ခရီးသွားလုပ်ငန်းများ စည်ပင်ဝေဆာစေရန် ဆောင်ရွက်နိုင်ပါစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ဒီးမော့ဆိုမြို့နယ် ငွေတောင်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအား စုပေါင်းသန့်ရှင်းရေးပြုလုပ်၊ လွိုင်ကော်မြို့ပေါ်ရှိ ဆရာ ဆရာမများအား စားသောက်ဖွယ်ရာများပေးအပ်၊ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးဝါးကုသမှုခံယူသူများအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၂၇**

KNPP/ KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများသည် ကယားပြည် နယ်အတွင်းရှိ မြို့နယ်များနှင့် ကျေးလက်ဒေသများပါမကျန် သာသနိက အဆောက်အအုံများ၊ တက္ကသိုလ်များ၊ ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ၏ အိုးအိမ်အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်းများကို ရက်စက်ယုတ်မာ ရိုင်းစိုင်းစွာ ပြုလုပ်ခဲ့ကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့/ရွာအေးချမ်းသာယာရေးအတွက် အဆိုပါနယ်မြေအတွင်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ငွေတောင်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် လမ်းဘေးဝဲ/ယာ ချုံနွယ်များအား တပ်မတော်သားများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်ချုပ်ဇော်မင်းလတ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။


ထို့နောက် ကယားပြည်နယ် လွိုင်ကော် တပ်နယ်ခန်းမ၌ လွိုင်ကော်မြို့ပေါ် ကျောင်းများမှ ဆရာဆရာမများအား စားသောက်ဖွယ်ရာများ ပေးအပ်ပွဲကိုဆက်လက်ကျင်းပရာ ဗိုလ်ချုပ် ဇော်မင်းလတ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာဆရာမများ တက်ရောက်ကြသည်။

ဦးစွာ ဗိုလ်ချုပ် ဇော်မင်းလတ်က အမှာစကားပြောကြားသည်။ ယင်းနောက် ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တိုင်းမှူးတို့က စားသောက်ဖွယ်ရာများ ပေးအပ်ရာ ကျောင်းအုပ်ကြီးများနှင့် ဆရာဆရာမများက အသီးသီးလက်ခံရယူကြပြီး ဆရာ ဆရာမများ ကိုယ်စား ကျောင်းအုပ်ဆရာကြီး တစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။ ဆက်လက်၍ ဗိုလ်ချုပ် ဇော်မင်းလတ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသော ကျောင်းအုပ်ကြီးများနှင့် ဆရာဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့ပြင် ဗိုလ်ချုပ် ဇော်မင်းလတ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ/ စစ်သည်များ၊ မိသားစုဝင်များအား သွားရောက်တွေ့ဆုံ၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို လိုက်လံကြည့်ရှုအားပေးစကား ပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်များ ပေးအပ်ကြသည်။ (ဓါတ်ပုံ)

ယင်းနောက် ဗိုလ်ချုပ် ဇော်မင်းလတ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ပြီး ဆေးရုံရှိ ဆရာဝန်၊ သူနာပြုများ၊ ဝန်ထမ်းများနှင့် လူနာများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၂၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ကိုယ်ကိုယ်တိုင်က တံတားဆောက် လမ်းဖောက်တာမျိုး မလုပ်ပေးနိုင်ပေမယ့် ကိုယ်ထူကိုယ်ထလမ်းဖောက်သူ ပြည်သူများအား သတ်ဖြတ်နေသည့် အကြမ်းဖက်များ"**ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီတွင် **"ဘယ်သူတွေဘယ်လိုပဲ ဖျက်လိုဖျက်ဆီးလုပ်ပါစေ မလွဲမသွေအောင်မြင်အောင် လုပ်ဆောင်သွားမယ့် ပြည်သူတို့ရဲ့ ရွေးကောက်ပွဲ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## သီပေါမြို့၌ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်ဆက်လက်လက်ခံ၊ ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး၊ ပြည်သူ့ဆေးရုံအားပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၇**

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက် ချေမှုန်းမှု စစ်ဆင်ရေး (Counter– Terrorism Operation)ကို ဆောင်ရွက်ပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်ရရှိပြီးချိန်တွင် အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပြန်လည်လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံ ပြည်သူလူထုအတွက် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေး စသည်တို့အပြင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ သီပေါမြို့နှင့် ၎င်းဒေသတစ်ဝိုက်ရှိကျောင်းသားကျောင်းသူများ၏ ပညာရေးကဏ္ဍ ထိခိုက်နစ်နာမှုမရှိစေရန် စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရန်နှင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် ယနေ့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ သီပေါမြို့ရှိ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ သီပေါမြို့ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းကို အောက်တိုဘာ ၂၂ ရက်တွင် စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး အောက်တိုဘာ ၂၅ ရက်အထိ အခြေခံပညာကျောင်း လေးကျောင်း ဖွင့်လှစ်နိုင်ခဲ့ကာ ကျောင်းနေအရွယ် ကလေးများအား တန်းစဉ်အလိုက် ကျောင်းအပ်လက်ခံလျက်ရှိရာ ယနေ့တွင် ကျောင်းသား ကျောင်းသူ ၇၁ ဦး ထပ်မံလာရောက်ကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၄၀၂ ဦးအထိ ရှိပြီဖြစ်ပြီး အဆိုပါ ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြသည်။

ယင်းအပြင် သီပေါမြို့သို့ ပြန်လည်ဝင်ရောက်လာကြသော ဒေသခံပြည်သူများအား တာဝန်ရှိသူများက ကြိုဆိုနေရာချထားပေးပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနကလည်း သီပေါမြို့ ကုန်းတော်ပရိယတ္တိစာသင်တိုက်၌ ယာယီရုံးခွဲဖွင့်လှစ်၍ အိမ်ထောင်စုစာရင်း တိုက်ဆိုင် စစ်ဆေးပေးခြင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို စတင်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၄၆ ဦးနှင့်ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာ သုံးဦးတို့အား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အလားတူ တပ်မတော် မိုင်းရှင်းလင်းရေးအဖွဲ့က သီပေါမြို့ရှိဌာနဆိုင်ရာရုံးများနှင့် အများပြည်သူသွားလာ အသုံးပြုလျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး တည်ငြိမ် အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုး တိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင် စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး တာဝန်များကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## အောင်လံမြို့နယ်၌ မဲပေးစက်အသုံးပြု၍ မဲပေးပုံအဆင့်ဆင့်အသိပညာပေး

**အောင်လံ အောက်တိုဘာ ၂၇**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီတို့၏ ကြီးကြပ်မှုဖြင့် ခရိုင်/မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် တာဝန်ကျဌာနဆိုင်ရာများပူးပေါင်း၍ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် လွယ်ကူစွာဆန္ဒမဲပေးတတ်စေရန် ရည်ရွယ်၍ မြန်မာအီလက်ထရောနစ် မဲပေးစက်အကြောင်း အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးမှု သရုပ်ပြသခြင်းကို ယနေ့နံနက်ပိုင်းက အောင်လံမြို့ အထက(၁) ကျောင်း၌ ကျင်းပသည်။

ဦးစွာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူးတို့က မဲပေးစက်ဆိုင်ရာများနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပြီး တက်ရောက်လာသူများက စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။ **မျိုးသိန်း(ပြန်/ဆက်)**

# ကျိုင်းတုံမြို့၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၁၀)သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း (ကျိုင်းတုံ) တွင် အဆင့်မြင့် အိမ်တွင်းမှု စက်ချုပ်သင်တန်း၊ အမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ သင်တန်းကျောင်းရှိ အိမ်တွင်းမှုခန်းမ၌ ကျင်းပရာ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီး ဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်း ကျောင်း ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းသူ များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ချီးမြှင့်ငွေပေးအပ်**

ဦးစွာ တိုင်းမှူးက အမှာ စကားပြောကြားပြီး သင်တန်း ကျောင်းအတွက် ချီးမြှင့်ငွေကို ပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံရယူသည်။ ထို့နောက် ကျောင်းအုပ်ကြီးက သင်တန်း ဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသူ များအား ရင်းရင်းနှီးနှီး နှုတ်ဆက် စကားပြောကြားပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် သင်တန်း ဆိုင်ရာ သင်ခန်းစာနမူနာ ပစ္စည်း များကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

အဆိုပါ သင်တန်းအား ၂၀၂၆ ခုနှစ် မတ် ၂၆ ရက်အထိ ဖွင့်လှစ် သွားမည်ဖြစ်ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**






# ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော ဘိလပ်မြေများကို အထူးကုန်ရထားဖြင့် ပို့ဆောင်

**နေပြည်တော် အောက်တိုဘာ ၂၇**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီအစီအစဉ်ဖြင့် ငလျင်ဘေးဒဏ် ပြန်လည် ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ အတွက် လိုအပ်လျက်ရှိသော သံချောင်းလုံးများ၊ အမိုးသွပ်ပြားများနှင့် ဘိလပ်မြေများကို အထူး ကုန်ရထားများဖြင့် ပို့ဆောင်ပေးလျက်ရှိရာ မန္တလေး တိုင်းဒေသကြီးအတွင်းရှိ ပြန်လည်ထူထောင်ရေး နှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် ဘိလပ် မြေအိတ် ၉၇၄၀ (တန်ချိန် ၄၈၇ တန်) တင်ဆောင် လာသော အထူးကုန်ရထားသည် ယနေ့နံနက်ပိုင်း တွင် မန္တလေးမြို့ မြို့ဟောင်းဘူတာသို့ ပို့ဆောင် ရောက်ရှိခဲ့ပြီး တာဝန်ရှိသူများက လာရောက်ကြည့်ရှု စစ်ဆေးခဲ့ကြကာ တိုင်းဒေသကြီးအတွင်း ပြန်လည် ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ အတွက် ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ် ကြောင်း သိရသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံ ခန့်ခွဲမှုကော်မတီ၏ အစီအစဉ်ဖြင့် မန္တလေးတိုင်း ဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ ငလျင် ဘေးဒဏ် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက် ရေး လုပ်ငန်းများအတွက် လိုအပ်သော ဆောက်လုပ် ရေးသုံးပစ္စည်းများကို အထူးကုန်ရထားများဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ယခုအခါ HRB 500 အမျိုး အစား သံချောင်းလုံး တန်ချိန် ၂၂၂၉ ဒသမ ၆၃၀ တန်၊ 4 Angle 0.33 mm အမိုးသွပ်ပြားချပ်ရေ ၄၉၀၀၀ (တန်ချိန် ၂၂၇ ဒသမ ၉၁ တန်)နှင့် ဘိလပ်မြေအိတ် ၉၇၄၀ (တန်ချိန် ၄၈၇ တန်) တို့ကို ပို့ဆောင်ရောက်ရှိ ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# မိုးရာသီစခန်းချ လေ့ကျင့်ရေးသင်တန်း တက်ရောက်လျက်ရှိသည့် ၂၀၂၄-၂၀၂၅ တက္ကသိုလ်ပညာသင်နှစ် တပ်ဖွဲ့ဝင်သင်တန်းသားများ၏ လေ့ကျင့်သင်ကြားပို့ချနေမှုများအား ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၂၇**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှု အောက်ရှိ တက္ကသိုလ်လေ့ကျင့်ရေးတပ်များ၌ ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေး တပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အခြေခံစစ်ပညာနှင့် တန်းမြင့် စစ်ပညာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက် ရှိရာ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့ရှိ တက္ကသိုလ် လေ့ကျင့်ရေးတပ်၌ မိုးရာသီစခန်းချလေ့ကျင့်ရေး သင်တန်းတက်ရောက်လျက်ရှိသည့် တပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ လေ့ကျင့်သင်ကြားနေမှုများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံ လင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးသည်။



ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်း သားများ၏ သက်ဆိုင်ရာ လေ့ကျင့်ခန်းများ သင်ကြားပို့ချနေမှုများကို လိုက်လံကြည့်ရှုအားပေး သည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက သင်တန်းသားများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

အဆိုပါ သင်တန်း၌ သင်တန်းသားများသည် ခေါင်းဆောင်မှုဘာသာရပ်၊ စစ်နည်း ဗျူဟာဘာသာ ရပ်နှင့် အခြားသောသက်ဆိုင်ရာ ဘာသာရပ်များကို ဆွေးနွေးပို့ချ သင်ကြားလေ့ကျင့်ပေးလျက်ရှိပြီး သင်တန်းသားများသည် ပြင်ပလေ့လာရေးများ ဖြစ်သည့် တပ်မတော်(လေ)နှင့် ပတ်သက်သည့် လေ့လာရေးများနှင့် ရုပ်မြင်သံကြား ထုတ်လွှင့်ရေး တပ်(မှော်ဘီ)သို့ လေ့လာရေးခရီးစဉ်များ သွားရောက် ကြည့်ရှုလေ့လာကြသည်။

ထို့အပြင် သင်တန်းသားများသည် ညနေပိုင်း သင်ခန်းစာပို့ချမှု ပြီးဆုံးချိန်များတွင် ဘော်လီဘော ကစားခြင်း၊ ဘောလုံးကစားခြင်းနှင့် အခြားသော ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ခြင်းများ ပြုလုပ်ကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားမှုးရုံး ကွပ်ကဲမှုအောက် နယ်လှည့်ပြည်သူ့ ဆက်ဆံရေးအဖွဲ့များကလည်း ဖျော်ဖြေရေးအစီအစဉ် များဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ အဆိုပါ သင်တန်း၌ မိုးရာသီစခန်းချလေ့ကျင့်ရေးသင်ခန်း စာများကို စာတွေ့၊ လက် တွေ့ဆက်လက်သင်ကြား ပို့ချလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လှိုင်ကော်မြို့၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**လှိုင်ကော် အောက်တိုဘာ ၂၇**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုး ရေးဦးစီးဌာန (ရုံးချုပ်)က ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ) ဦးရဲခေါင် ထွန်းသည် ယနေ့နံနက်ပိုင်းက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ် (ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လှိုင်ကော်မြို့နယ် အတွင်း ဧက(၅၀၀)-နမ့်ဘော်ဝမ်ရှမ်းလမ်း မိုင်တိုင်အမှတ်(၀/၅.၇၁) မိုင်မှ (၁/၂.၀၉)အထိ စုစုပေါင်း(၀/၄.၃၈)မိုင်အား မူလကတ္တရာလမ်း ၁၂ ပေမှ တစ်ဖက်သုံးပေချဲ့၍ ၁၈ ပေအကျယ် ကတ္တရာထပ်ပိုးလွှာ ခင်းခြင်းနှင့် နဒီလမ်း မိုင်တိုင်အမှတ် (၀/၀)မိုင်မှ (၁/၂.၃၁) မိုင်အထိ မူလကတ္တရာလမ်း ၁၂ ပေမှ တစ်ဖက်နှစ်ပေချဲ့၍ ၁၆ ပေအကျယ် ကတ္တရာခင်းခြင်းလုပ်ငန်းတို့ကို ကွင်းဆင်းစစ်ဆေးရာ ပြည်နယ် ညွှန်ကြားရေးမှူး(မြို့ပြ)က လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယညွှန်ကြားရေးမှူးချုပ်က လိုအပ်သည် များကို မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်**

**(ပြန်/ဆက်)**

# ရှိုးရာမပျက် ဆင်ယင်နွှဲပျော် တန်ဆောင်တိုင်ပွဲတော်

*ကိုယဉ်ချစ်(မန္တလေး)*

မြောက်လေငယ် သွင်းပါလို့၊ မြူနှင်းငယ်စိုစို၊
မြင်တိုင်းငယ်ပျိုသည်၊ ရွှေကျီးညိုတာရာနှင့်၊
ကြတ္တိကာထွန်းတဲ့လကိုလေး။
တန်ဆောင်ငယ် မာသ၊ ဆယ့်နှစ်လတွင်၊
ချမ်းမြေ့အေးရင်၊ ဗြိစ္ဆာခွင်သို့၊
ရက်ငင်ပြောင်းခွာ၊ ခဝဲညှာလည်း၊
ခိုင်လွှာဝတ်မှုန်၊ ရနံ့သာ ထုံတော့တယ်၊
ဘုန်းဂုဏ်ကြော့သမ္ဘိန်မှာ၊
လှူကထိန်သဘင်ခင်းလို့ရယ်၊
ကျင်းကြတယ်လေး။ ။

( မဟာအတုလမင်းကြီး)



မြန်မာတို့၏၁၂လရာသီတွင် တန်ဆောင်မုန်းလသည် အဋ္ဌမမြောက်လဖြစ်သည်။ မိုးရာသီကုန်ဆုံး၍ ဆောင်းရာသီသို့ ကူးပြောင်းသည့် ကာလဖြစ်၍ မိုးတိမ်များကင်းစင်ကာ ပွင့်လင်းရာသီ စတင်ချိန်ဖြစ်သည်။

ပုဂံခေတ်၌ ရေးထိုးခဲ့သော ကျောက်စာများတွင် တန်ဆောင်မှုန်ဟု ရေးထိုးခဲ့ကြောင်းနှင့် အင်းဝခေတ်တွင် တန်ဆောင်မုန်းဟု ရေးသားခဲ့ကြောင်း မှတ်သားရသည်။ တန်ဆောင်သည် မီးရှူးမီးတိုင်၊ မှုန်းသည် ထွန်းလင်းတောက်ခြင်းဟု အနက်ရသဖြင့် တန်ဆောင်မှုန်းဟု ခေါ်ဆိုခဲ့ကြသော တန်ဆောင်မုန်းလသည် မီးရှူးမီးတိုင်ဖြင့် အလင်းရောင် သယ်ဆောင်ကာ ထွန်းလင်းတောက်ပစေသောလ၊ ဆီမီးတန်ဆောင် ထွန်းညှိသောလ၊ မီးထွန်းလဟုလည်း ဆိုခဲ့ကြသည်။

တန်ဆောင်မုန်းလသည် ရက်စုံလဖြစ်၍ ရက်ပေါင်း ၃၀ ရှိသည်။ ဗေဒင်အခေါ်အရ ဗြိစ္ဆာရာသီ၊ ကြတ္တိကာနက္ခတ်၊ ရာသီရုပ်မှာ ကင်းမြီးကောက်ရုပ်၊ ရာသီပန်းမှာ ခဝဲပန်းဖြစ်သည်။

တန်ဆောင်မုန်းလ၌သာမညဖလအခါတော်နေ့၊ ကထိန်သင်္ကန်းကပ်လှူပွဲ၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ၊ ဆီမီးထွန်းပူဇော်ပွဲနှင့် မီးပုံးပျံပွဲ၊ ပွဲသကူပစ်လှူဒါန်းပွဲ၊ စတုဒိသာလှူဒါန်းပွဲ ( နိဗ္ဗာန်ဈေးပွဲတော်)၊ ကျီးမနိုးပွဲ၊ ဆေးပေါင်းခသည့်ည စသည့် ပွဲတော်များကို အစဉ်အလာမပျက် ကျင်းပလျက်ရှိသည်။

**သာမညဖလအခါတော်နေ့**

တန်ဆောင်မုန်းလပြည့်နေ့ကို အများအားဖြင့် ကထိန်ပွဲ၊ မီးထွန်းပွဲများ ကျင်းပသည့်လအဖြစ် ကျင်းပနေကြသော်လည်း သာမညဖလအခါတော်နေ့ပူဇော်ပွဲကို လူသိနည်းကြသည်။ သာမညဆိုသည်မှာ ရသေ့ရဟန်းပြုခြင်း၊ ဖလဆိုသည်မှာ အကျိုးကျေးဇူးဖြစ်၍ သာမညဖလဆိုသည်မှာ ရသေ့၊ ရဟန်းပြုလုပ်ရခြင်း၏ အကျိုးကျေးဇူးဟု အဓိပ္ပာယ်ရသည်။

အဇာတသတ်မင်းသည် ဆရာအတင်မှားခဲ့သဖြင့် ဖခင်ကိုကွပ်မျက်၍ မင်းပြုနေရသော်လည်း ပြုခဲ့သည့် အကုသိုလ်ကံကြောင့် အမြဲတုန်လှုပ်ချောက်ချားနေခဲ့သည်။ ထိုဝေဒနာဆိုးများကို ပျောက်ကင်းရန်အတွက် ဆရာဇီဝက၏ အကြံပြုချက်အရ တစ်ခုသော တန်ဆောင်မုန်းလပြည့်နေ့ ညတွင် သရက်ဥယျာဉ်၌ ရဟန်း ၁၂၀၀ နှင့်သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားထံ ချဉ်းကပ်ဖူးမြော်၍ လောက၌ အတတ်ရှင်သည် မိမိအတတ်ကိုမှီ၍ ချမ်းသာစွာ အသက်မွေးနိုင်၏။ ရသေ့၊ ရဟန်းပြုခြင်း၏ ယခုဘဝအကျိုးကို ပြနိုင်စရာရှိပါလားဟု လျှောက်ထားမေးမြန်းခဲ့သည်။

ဘုရားရှင်က အဇာတသတ်မင်း နားလည်လက်ခံလာအောင်ရဟန်းဖြစ်ရခြင်း အကျိုးအဆင့်ဆင့်ပါသော သာမညဖလသုတ္တန်ဒေသနာတော်ကို သာဓကများဖြင့် ဟောကြားချီးမြှင့်တော်မူသည်။ မြတ်စွာဘုရားက သာမညဖလသုတ္တန်ကို တန်ဆောင်မုန်းလပြည့်နေ့တွင် ဟောကြားတော်မူခဲ့သည်ကို ပူဇော်သောအားဖြင့် သာမညဖလအခါတော်နေ့အဖြစ် သတ်မှတ်ခဲ့သည်။ တန်ဆောင်မုန်း လပြည့်နေ့ည၌ ဘုရား၊ စေတီ၊ ပုထိုး၊ ဓမ္မာရုံများတွင် သာမညဖလသုတ္တန်ကို အစဉ်အလာမပျက် ရွတ်ဖတ်ပူဇော်ကြခြင်းဖြစ်သည်။

**ကထိန်သင်္ကန်းကပ်လှူပွဲ**

ကထိန်ဆိုသည်မှာ ကထိနပါဠိဘာသာမှ ဆင်းသက်လာခြင်းဖြစ်ပြီး ကထိနမှ ကထိန်ဟု ခေါ်ဆိုသုံးနှုန်းခြင်းဖြစ်သည်။ မြဲမြံခိုင်ခန့်ခြင်းဟု အဓိပ္ပာယ်ရသည်။ သင်္ကန်းအဝတ်ကို ဖြတ်ခြင်း၊ ချုပ်ခြင်း၊ ဆိုးခြင်း၊ လှူခြင်း၊ ခင်းခြင်း စသည်တို့ကို ခြုံငုံခေါ်ဝေါ်သော ဝေါဟာရဖြစ်သည်ဟု မှတ်သားရသည်။

ကထိန်ခင်းခြင်းအကြောင်းရင်းမှာ အာရညကင်ဓုတင်၊ ပိဏ္ဍပါတ်ဓုတင်၊ ပံ့သကူဓုတင်၊ တိစီဝရိတ်ဓုတင်တို့ကို ဆောက်တည်ကြသော ဘဒ္ဒဝဂ္ဂီရဟန်းအပါး ၃၀ တို့သည် မြတ်စွာဘုရားကို ဖူးမြော်ရန်ကြွလာစဉ် လမ်းခရီး၌ဝါဆို၍ သာကေတမြို့တွင် ဝါကပ်ကြသည်။ ဝါကျွတ်သည့်အခါ ပဝါရဏာပြုပြီး ခြောက် ယူဇနာ (၄၈ မိုင်) ခန့်ဝေးသော သာဝတ္ထိမြို့သို့ ခြေကျင်ခရီးကြွရောက်ခဲ့ကြရာ လမ်းခရီးတွင် မိုးများသည်းထန်စွာ ရွာသွန်းသဖြင့် မိုးရေစိုနေသော သင်္ကန်းများဖြင့် ဘုရားရှင်ကို ဖူးမြော်ခဲ့ကြသည်။ မြတ်စွာဘုရားသည် ထိုရဟန်းတို့ကိုအကြောင်းပြု၍ ပုရိမဝါကပ်ခြင်းနှင့် ပြည့်စုံသော ရဟန်းတို့ကို သင်္ကန်းကပ်လှူခွင့် (သို့မဟုတ်) ကထိန်ခင်းခွင့်ပြုကြောင်း ပညတ်တော်မူခဲ့သည်။

ကထိန်သင်္ကန်းသည် ကထိန်ခင်းထိုက်သော သင်္ကန်း၊ ကထိန်လှူဒါန်းနည်း၊ ကထိန်၏ အကျိုးအာနိသင်၊ ကထိန်သင်္ကန်းရရှိသည့် ရဟန်းတော်များ၏အခွင့်အရေး စသည်ဖြင့် ကျယ်ပြန့်သည်။ ဘုရားမှာ စိန်၊ ဆွမ်းမှာပိဏ်၊ ကျောင်းမှာသိမ်၊ သင်္ကန်းမှာ ကထိန်ဆိုသည့်အတိုင်း ကထိန်သင်္ကန်းကပ်လှူရခြင်းသည် အကျိုးများစွာရရှိစေသည်ဟု သိရပါသည်။

ကထိန်သင်္ကန်းသည် ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲ မထားဘဲ သံဃာ့ဂုဏ်တော်ကို ရည်မှန်းလှူဒါန်းရသောကြောင့် သံဃိကဒါနမြောက်ခြင်း၊ နှစ်စဉ်သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိသာ လှူဒါန်းရခြင်းကြောင့် ကာလဒါနမြောက်ခြင်း၊ သံဃာတော်များကို လာဘ်လာဘဖြစ်ထွန်းစေကာ ချမ်းသာစေခြင်း၊ လှူဒါန်းသူများသည် အကျိုးငါးပါးခံစားရနိုင်ခြင်း၊ သံဃာများကို ဝိနည်းသိက္ခာငါးပါးဖြင့် သင့်ရောက်နိုင်သောအာပတ်တို့ကို ပြယ်နိုင်ခြင်း စသည့် အကျိုးထူးများကို ခံစားစေနိုင်သည့်အတွက် မွန်မြတ်သော ကုသိုလ်များ ရရှိစေပါသည်။

ကထိန်ဒါနပြုသူများဘက်မှ ကထိန်သင်္ကန်းနှင့် ပတ်သက်၍ ပြည့်စုံစွာပြု၍ လှူဒါန်းရသကဲ့သို့ ကထိန်ခင်းမည့် သံဃာများဘက်ကလည်း (၁) ရှေးဦးစွာပြုလုပ်ရမည့် ကိစ္စရပ်တို့ကို သိပြုရခြင်း၊ (၂) ပစ္စုဒ္ဓိုရ်ပြုတတ်ရခြင်း၊ (၃) အဓိဋ္ဌာန်တင်တတ်ရခြင်း၊ (၄)ခင်းပုံခင်းနည်းသိထားရခြင်း၊ (၅) မာတိကာကို သိထားရခြင်း ၊ (၆) ကြောင့်ကြကို သိထားရခြင်း၊ (၇) ကထိန်နှုတ်ပုံကို သိထားရခြင်း၊ (၈) အာနိသင်ကို သိထားရခြင်း စသည့်အင်္ဂါရှစ်ရပ်နှင့် ပြည့်စုံရသည်။ ကထိန်ခင်းမည့်သင်္ကန်းသည် ဒုကုဋ်ခေါ် နှစ်ထပ်သင်္ကန်းကြီး၊ ဧကသီခေါ် ကိုယ်ဝတ်သင်္ကန်းနှင့် သင်းပိုင် ခေါ် ခါးဝတ်သင်္ကန်းတို့ဖြစ်ပြီး ဝိနည်းနှင့် ညီကြရသည်။

ထိုသင်္ကန်းကို ဥတ္တိဒုတိယကမ္မဝါစာဖြင့် ဗဒ္ဓသိမ်အတွင်းသာ သံဃာကို ပေးအပ်ရသည်။ ဉတ်ကမ္မဝါစာဖြင့် ပေးရသည်ကို အစွဲပြု၍ ဉတ်သင်္ကန်းဟု ခေါ်ကြသည်။ ဉတ်သင်္ကန်းအပြင် ပရိက္ခရာရှစ်ပါးနှင့် အခြားလှူဖွယ်ပစ္စည်းများကိုလည်း ထည့်သွင်းလှူဒါန်းကြသည်။

ကထိန်သင်္ကန်းအလှူခံရဟန်းများ အကျိုးရှိပုံကို "မပန်မကြား၊ လိုရာသွား၊ ပြစ်များမရှိပြီ။ သုံးထည်ထဲမှာ၊ ထားလိုရာ၊ ထားကာ သွားနိုင်သည်။

*စာမျက်နှာ ၁၃ သို့*

❂ **ကထိန်သင်္ကန်းသည် ကထိန်ခင်းထိုက်သော သင်္ကန်း၊ ကထိန်လှူဒါန်းနည်း၊ ကထိန်၏ အကျိုးအာနိသင်၊ ကထိန်သင်္ကန်း ရရှိသည့် ရဟန်းတော်များ၏ အခွင့်အရေး စသည်ဖြင့် ကျယ်ပြန့်သည်။ ဘုရားမှာ စိန်၊ ဆွမ်းမှာပိဏ်၊ ကျောင်းမှာသိမ်၊ သင်္ကန်းမှာ ကထိန်ဆိုသည့်အတိုင်း ကထိန်သင်္ကန်းကပ်လှူရခြင်းသည် အကျိုးများစွာရရှိ**

❂ **ကထိန်သင်္ကန်းသည် ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲမထားဘဲ သံဃာ့ဂုဏ်တော်ကို ရည်မှန်းလှူဒါန်းရသောကြောင့် သံဃိကဒါနမြောက်ခြင်း၊ နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိသာ လှူဒါန်းရခြင်းကြောင့် ကာလဒါနမြောက်ခြင်း၊ သံဃာတော်များကို လာဘ်လာဘဖြစ်ထွန်းစေကာ ချမ်းသာစေခြင်း၊ လှူဒါန်းသူများသည် အကျိုးငါးပါးခံစားရနိုင်ခြင်း၊ သံဃာများကို ဝိနည်းသိက္ခာငါးပါးဖြင့် သင့်ရောက်နိုင်သောအာပတ်တို့ကို ပြယ်နိုင်ခြင်း စသည့် အကျိုးထူးများကို ခံစားစေနိုင်သည့်အတွက် မွန်မြတ်သော ကုသိုလ်များရရှိ**

*စာမျက်နှာ ၁၂ မှ*

**လေးပါးတူပင်၊ ဂိုဏ်းဘောဇဉ်၊ စားချင်စားနိုင်သည်။ သင်္ကန်းများစွာ၊ ငါးလမှာ၊ သိမ်းကာထားနိုင်သည်။ သံဃာလှူငြား၊ သင်္ကန်းများ၊ သူ့အားသာဖြစ်သည်”** ဟု မဟာစည်ဆရာတော်ကြီးက မှတ်သားရလွယ်ကူစေရန် အတိုချုပ်လင်္ကာဖြင့် မိန့်ဆိုခဲ့သည်။

ကထိန်သင်္ကန်း ကပ်လှူသူများအနေဖြင့်လည်း (၁) မိမိသွားလိုရာခရီးကို အတားအဆီး၊ အနှောင့်အယှက်မရှိ ဘေးကင်းလွတ်လပ်စွာ သွားလာနိုင်ခြင်း၊ (၂) လုပ်ငန်းတာဝန်များကို ပြီးမြောက်အောင်မြင်စွာ ထမ်းဆောင်နိုင်ခြင်း၊ (၃) အစာအဆိပ်သင့်မှု ဘေးအန္တရာယ်မှ ကင်းဝေးနိုင်ခြင်း၊ (၄) မိမိပစ္စည်းများကို အဖျက်အမှောင့်များရန်မှ ကာကွယ်နိုင်ခြင်း၊ (၅) မိမိပစ္စည်းဥစ္စာများကို သူတစ်ပါးက နိုင်ထက်စီးနင်းယူဆောင်ခြင်းမှ ကာကွယ်နိုင်ခြင်း စသည့်အကျိုးများကို ခံစားကြရသည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲများကိုလည်း ကျင်းပကြသည်။ မသိုးသင်္ကန်းဆိုသည်မှာ နေ့ကူးသွားလျှင် သိုးသွားသည်ဟု ယူဆချက်အရ နေ့မကူးစေဘဲ ညတွင်းချင်းအပြီး ရက်လုပ်ကပ်လှူရသော သင်္ကန်းဖြစ်သည်။ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့တွင် လူအများကို ဖိတ်ကြား၍ စတိသဘောဖြင့် ဝါစေ့များကို ကြဲပက်ရသည် ။ ထို့နောက် ဝါပေါက်ကိုကောက်၍ ဝါဖန်၊ ဝါကြိတ်ကာ ဝါဖတ်ခြင်း၊ ဗိုင်းတောင့်လိပ်ခြင်း၊ ချည်ငင်ခြင်း၊ ချည်ယောက်ခြင်း၊ ဆေးဆိုးအစာတင်မီးကင်လှမ်းခြင်း၊ ရလာသောချည်ကို ရက်ဖောက်ယောက်ခြင်း၊ ရက်ကန်းရှယ်ခြင်း၊ ရက်ကန်းစင်တွင်တင်၍ အရုဏ်မတက်မီ အပြီးရက်လုပ်ကာ မြတ်စွာဘုရားကို ကပ်လှူကြသည်။ မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲများကို နိုင်ငံတစ်ဝန်းရှိ တန်ခိုးကြီးဘုရားများတွင် အစဉ်အလာမပျက် ကျင်းပလျက်ရှိသည်။

**ဆီမီးထွန်းပွဲနှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲ**

တန်ဆောင်တိုင်မီးထွန်းပွဲကို တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ တန်ဆောင်မုန်းလပြည့်နေ့နှင့် လပြည့်ကျော် ၁ ရက်နေ့တို့တွင် ပြုလုပ်ကြသည် ။ ဗုဒ္ဓမြတ်စွာဘုရားအလောင်းတော်၏ ဆံတော်ကို ဌာပနာ၍ တည်ထားကိုးကွယ်သည့် နတ်ပြည်မှ စူဠာမဏိစေတီတော်ကို ရည်မှန်းကာ ဘုရား၊ စေတီ၊ ပုထိုး၊ ကျောင်းကန်များ၊ နေအိမ်များတွင် ဆီမီးများ၊ ရောင်စုံမီးအလှများ၊ မီးရှူးမီးပန်းများဖြင့် ပူဇော်ကြခြင်းဖြစ်သည်။ ဆီမီးထွန်းပွဲနှင့်အတူ မီးပုံးပျံများ လွှတ်တင်ပူဇော်ကြသည်။ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲများကို တောင်ကြီး၊ ပဲခူး၊ ပြင်ဦးလွင်နှင့် အခြားဒေသများတွင် ခမ်းနားကြီးကျယ်စွာ ကျင်းပလျက်ရှိကြသည်။

**ပုံ့သကူပစ်ပွဲ**

တန်ဆောင်မုန်းလပြည့်နေ့ညတွင် မိမိတို့ တတ်နိုင်သည့် ငွေကြေး၊ အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းများနှင့် အစားအသောက် စသည်တို့ကို အထုပ်များထုပ်ပိုး၍ လူမသိအောင် လျှို့ဝှက်စွာ ပစ်ထားကြသည်။ ပုံ့သကူရှာဖွေသူများက ပုံ့သကူပစ္စည်းကို တွေ့ရှိသွားပြီး ပျော်ရွှင်နေမှုများကို ကြည့်ကာ ပုံ့သကူပစ်သူအလှူရှင်များက ဝမ်းသာပီတိဖြစ်ကြရသည်။ အချို့က လူအများရှိရာ နေရာများတွင် သွားရင်းလာရင်း ငွေကြေး၊ ပစ္စည်းများကို ကြဲ၍ ကုသိုလ်ပြုကြသည်။ အချို့က အမိဋ္ဌာန်ဖြင့် နှစ်စဉ် ပုံ့သကူပစ်ခြင်းဒါနကို ပြုကြသည်။

**စတုဒိသာလှူဒါန်းပွဲ (နိဗ္ဗာန်ဈေးပွဲတော်)**

စတုဒိသာဆိုသည်မှာ အရပ်လေးမျက်နှာမှ ရောက်လာသူမှန်သမျှကို အယုတ်အလတ်အမြတ် မရွေး ညီ့ခံကျွေးမွေးခြင်း၊ အသုံးအဆောင်ပစ္စည်းများကို ကံစမ်းမဲဖောက်လှူဒါန်းကြခြင်းဖြစ်သည်။ အချို့ဒေသများ၌ အဖွဲ့အစည်းများ၊ ရုံးဌာနများ၊ ရပ်ကွက်များတွင် အလှူရှင်များစုပေါင်း၍ မိမိတို့ လှူဒါန်းမည့် ပစ္စည်းများကို ကံစမ်းမဲနှိုက်ယူစေပြီး မဲဖောက်ပေးကြသည်ကို နိဗ္ဗာန်ဈေးပွဲတော်ဟု ပျော်ပွဲရွှင်ပွဲတစ်ခုအနေဖြင့် ကုသိုလ်ပြုကြခြင်းဖြစ်သည်။

**ကျီးမနိုးပွဲ(သူခိုးကြီးည)**

တန်ဆောင်မုန်းလပြည့်နေ့ည ညဥ့်နက်ချိန်တွင် လူငယ်များက ပိုင်ရှင်မသိအောင် အိမ်ရှေ့နှင့် လမ်းပေါ်များရှိ ပစ္စည်းများကို ယူဆောင်၍ နေရာအသီးသီးသို့ ရွှေ့ပြောင်းကာ ပျော်ရွှင်ကြခြင်းဖြစ်သည်။ အချို့က နေအိမ်များမှ ကြက်၊ ဘဲများကို ပိုင်ရှင်မသိအောင်ယူပြီး ချက်ပြုတ်စားသောက်ကြသည်။ သူခိုးကြီးညဟု ခေါ်ဆိုကြသကဲ့သို့ သူခိုးကာလဟုလည်း ဆိုကြသည်။ ယခုနောက်ပိုင်းတွင် အပျော်သဘောမဟုတ်တော့ဘဲ အရက်သေစာများ သောက်စားခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ အခြား ဥပဒေမဲ့လုပ်ရပ်များကိုပါ ပြုလုပ်လာကြသဖြင့် ရိုးရာယဉ်ကျေးမှုများပျောက်ကွယ်ကာ မလိုလားအပ်သောဖြစ်စဉ်များ မဖြစ်ပေါ်စေရန် ထိန်းသိမ်းလုပ်ဆောင်သင့်ကြပါသည် ။

**ဆေးပေါင်းခသည့် မဲဇလီဖူးသုပ်**

ကောင်းကင်ယံတွင် နက္ခတ်တာရာများ စုံလင်သည့် တန်ဆောင်မုန်းလပြည့်နေ့တွင် သစ်ပင်မျိုးစုံကို စောင့်ရှောက်သောနတ်များက မဲဇလီပင်စောင့်နတ်ထံသို့ လာရောက်ခစားကြသည်ဟုဆိုသည်။ ထိုည၌ ဆေးပေါင်းခသည်ဆိုသည့် အယူအဆဖြင့် ရာသီချိန်တွင် ဖူးပွင့်သည့် မဲဇလီဖူးများကို ခူးဆွတ်ကာပြုတ်၍ မြေပဲဆန်ထောင်း၊ ကြက်သွန်နီကြော်နှင့် အခြားအဆာပလာများဖြင့် သုပ်ပြီး ကျွေးမွေးခြင်း၊ ဝေငှကုသိုလ်ပြုကြခြင်းဖြစ်သည်။

တန်ဆောင်မုန်းလသည် ၁၂ လရာသီ လပြည့်ညများအနက် အကြည်လင်ဆုံးနှင့် နက္ခတ်တာရာများ စုံလင်သည့် ကာလဖြစ်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာများအရ ကောင်းမှုကုသိုလ်ပြုခြင်းများနှင့်အတူ ပျော်ပွဲရွှင်ပွဲများကိုပါ စုံလင်သည့် ပွဲတော်တစ်ခုဖြစ်ပါသည်။ တန်ဆောင်တိုင်ပွဲတော်သည် ကောင်းမှုကုသိုလ်ပြုခြင်း၊ ပျော်ရွှင်ကြခြင်းများကို စည်းလုံးညီညွတ်စွာ ပူးပေါင်းဆင်နွှဲကြသည့် ပွဲတော်ဖြစ်ပါသည်။ ရှေးအစဉ်အဆက်ကတည်းက ကျင်းပပြုလုပ်လာသည့် တန်ဆောင်တိုင်ပွဲတော်ကို မြန်မာ့ရိုးရာအစဉ်အလာမပျက် ထိန်းသိမ်းရင်း ပျော်ရွှင်စွာဆင်နွှဲနိုင်ကြပါစေကြောင်း ရေးသားလိုက်ရပါသည်။ ။

# အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း(ဘားအံ)၌ သင်တန်းဖွင့်ပွဲကျင်းပ

**ဘားအံ အောက်တိုဘာ ၂၇**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (ဘားအံ)၏ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ် (၁၁)နှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းအမှတ်စဉ်(၄) သင်တန်းများဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်က သင်တန်းတက်ရောက်ခွင့်ရရှိကြသည့် သင်တန်းသူများအား သင်ခန်းစာများကို ကြိုးစားသင်ယူပြီး စုပေါင်းနေထိုင်လုပ်ကိုင်ဆောင်ရွက်တတ်အောင် လေ့ကျင့်၍ အထူးကြိုးစားသင်ယူလေ့လာကြရန် ပြောကြားပြီး ရက်သတ္တ ၂၂ ပတ်ကြာသင်တန်းတက်ရောက်ကြမည့် အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းသူ ၃၀၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းသူ ၂၀ တို့အတွက် ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန်၊ အာလူး၊ ကုလားပဲ အစရှိသည့် အခြေခံစားသောက်ကုန်များကို ကျောင်းအုပ်ဆရာမကြီးထံ ချီးမြှင့်ပေးအပ်ရာ သင်တန်းကျောင်းအုပ်ဆရာမကြီးက သင်တန်းဆိုင်ရာကိစ္စရပ်များနှင့် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလားတူ လှိုင်းဘွဲမြို့နယ် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (မြိုင်ကြီးငူ)၏ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ်(၁၁) သင်တန်းဖွင့်ပွဲကိုလည်းကောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်း (ဘားအံ)၏ ဆောက်လုပ်ရေးသင်တန်း အမှတ်စဉ်(၁၇)၊ လျှပ်စစ်သင်တန်း အမှတ်စဉ်(၁၇)၊ မော်တော်ယာဉ်စက်ပြင် သင်တန်းအမှတ်စဉ်(၁၆) နှင့် ဂဟေသင်တန်းအမှတ်စဉ် (၁၅)သင်တန်းဖွင့်ပွဲများကိုလည်းကောင်း ကျင်းပခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# စစ်တွေမြို့၌ ယာယီနေရပ်စွန့်ခွာတိုင်းရင်းသားများအတွက် အခြေခံစက်ချုပ်သင်တန်းဖွင့်

**စစ်တွေ အောက်တိုဘာ ၂၇**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် တိုင်းရင်းသားများအတွက် အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ဖွင့်လှစ်ရာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများ၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် (ကိုယ်စား) ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရက ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွက် အဘက်ဘက်မှ စွမ်းရည်ပြည့်ဝသည့် မျိုးဆက်သစ်လူငယ်များ ပေါ်ပေါက်လာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်၊ မိမိပြည်နယ် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ ပိုမိုဖြစ်ထွန်းလာစေရန် ရည်ရွယ်ပြီး အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြားဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အခြေခံစက်ချုပ်သင်တန်းအတွက် ချီးမြှင့်ငွေကျပ် ၁၉၆ သိန်းကို ပေးအပ်ရာ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း ကျောင်းအုပ်ကြီးတို့က လက်ခံကြသည်။ ယင်းနောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က အခြေခံစက်ချုပ် သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ပြီး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**






# မရမ်းကုန်းမြို့နယ်၌ မူးယစ်ဆေးဖြတ်ပြီးသူများ စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းဆင်း

**ရန်ကုန် အောက်တိုဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း(ရန်ကုန်)၏ စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၅) ဆင်းပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါနေရာ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မူးယစ်ဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးကျော်စွာက အမှာစကားပြောကြားပြီး မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟိုဥက္ကဋ္ဌ ဦးစံရှိန်က မူးယစ်ဆေးဖြတ်သင်တန်းသားများအနေဖြင့် ပြန်လည်ထူထောင်မှုခံယူပြီးပါက ဆေးပြန်လည်မသုံးစွဲရန်နှင့် ဆေးပြန်လည်သုံးစွဲပါက ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးအန္တရာယ်များ၊ သင်တန်းသားများအနေဖြင့် မိမိတို့နေအိမ်အသီးသီးသို့ ပြန်ရောက်သည့်အခါ မိမိဘဝတိုးတက်ရေးအတွက် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရန်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အမေရိကန်သမ္မတ ဂျပန်နိုင်ငံသို့ ရောက်ရှိပြီး ဂျပန်ဝန်ကြီးချုပ်နှင့် ဆွေးနွေးသွားမည်




အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်



ဂျပန်ဝန်ကြီးချုပ် တာကာအိချီဆာနဲ

**တိုကျို အောက်တိုဘာ ၂၇**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အောက်တိုဘာ ၂၇ ရက် ညနေ ၅ နာရီခန့်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့ ဟာနဲ့ဒါလေဆိပ်သို့ ရောက်ရှိလာခဲ့သည်။

မစ္စတာ ဒေါ်နယ်ထရမ့်သည် မလေးရှားနိုင်ငံ၌ ကျင်းပသော အာဆီယံထိပ်သီးအစည်းအဝေးမှ ဂျပန်နိုင်ငံသို့ ထွက်ခွာလာခဲ့ခြင်းဖြစ်သည်။ ယခုခရီးစဉ်သည် အမေရိကန်သမ္မတတစ်ဦးအနေဖြင့် ဂျပန်နိုင်ငံသို့ လာရောက်သည့် လေးကြိမ်မြောက် ခရီးစဉ်ဖြစ်သည်။ ၂၀၁၉ ခုနှစ်တွင် ဂျပန်နိုင်ငံ အိုဆာကာမြို့၌ ကျင်းပသည့် နိုင်ငံ ၂၀ အုပ်စုထိပ်သီးအစည်းအဝေးကို နောက်ဆုံးတက်ရောက်ခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဂျပန်ဧကရာဇ် နာရူဟီတိုနှင့် အောက်တိုဘာ ၂၇ ရက် ညပိုင်းတွင် တွေ့ဆုံခဲ့သည်။ ထို့အပြင် မစ္စတာ ဒေါ်နယ်ထရမ့်သည် ဂျပန်ဝန်ကြီးချုပ် တာကာအိချီဆာနဲနှင့် အောက်တိုဘာ ၂၈ ရက်တွင် တွေ့ဆုံမည်ဖြစ်သည်။

တာကာအိချီသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကို ကြိုဆိုကြောင်း လူမှုမီဒီယာ X ပေါ်တွင် သတင်းစကားရေးသားခဲ့သည်။ အဆွေတော်ကို အောက်တိုဘာ ၂၈ ရက်တွင်တွေ့ဆုံမည်ဖြစ်ကြောင်းနှင့် မိမိတို့၏ မဟာမိတ်အဖွဲ့ကြီးကို မည်သို့မည်ပုံ ပိုမိုခိုင်မာအောင် လုပ်ဆောင်နိုင်မည်ဆိုသည့်အပေါ် ရလဒ်ကောင်းများရရှိအောင် ဆွေးနွေးနိုင်မည်ဟု မျှော်လင့်ကြောင်း ၎င်းကဖော်ပြခဲ့သည်။

တိုကျိုမျှော်စင်နှင့် တိုကျိုမိုးမျှော်သစ်ပင်တို့၌ အမေရိကန် အလံအရောင်အလှမီးများထွန်းညှိထားသည့်ပုံများကိုလည်း လူမှုမီဒီယာပေါ်သို့ တင်ခဲ့သည်။

မစ္စတာထရမ့်နှင့် တာကာအိချီဆာနဲတို့သည် ကာကွယ်ရေးဆိုင်ရာ နည်းပညာများသာမက အမေရိကန်တွင် ဂျပန်နိုင်ငံက အမေရိကန်ဒေါ်လာ ဘီလီယံ ၅၅၀ ရင်းနှီးမြှုပ်နှံသွားမည့် ကိစ္စရပ်များနှင့်ပတ်သက်ပြီး ဆွေးနွေးသွားမည်ဟု မျှော်လင့်ရသည်။

**အင်န်အိတ်ချ်ကေ**

# အစ္စရေးက သေဆုံးရုပ်အလောင်းများကူညီရှာဖွေရန် အီဂျစ်အဖွဲ့တစ်ဖွဲ့ကို ဂါဇာသို့ဝင်ခွင့်ပြု

**ဂျေရုဆလင် အောက်တိုဘာ ၂၇**

သေဆုံးဓားစာခံရုပ်အလောင်းများကို ရှာဖွေရာတွင် ပံ့ပိုးကူညီပေးနိုင်ရေးအတွက် အိမ်နီးချင်းအီဂျစ်နိုင်ငံမှ အဖွဲ့တစ်ဖွဲ့ကို ဂါဇာကမ်းမြောင်သို့ ဝင်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း အစ္စရေးအစိုးရအဖွဲ့က ပြောကြားလိုက်သည်။

အစ္စရေး တာဝန်ရှိသူများက အိမ်နီးချင်းအီဂျစ်နိုင်ငံမှ အဖွဲ့တစ်ဖွဲ့ ဝင်ရောက်ခွင့်ပြုခြင်းနှင့်ပတ်သက်ပြီး အောက်တိုဘာ ၂၆ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်ကို အခြေခံကာ ကျန်ရှိနေသော ရုပ်အလောင်းများ ပြန်လည်လွှဲပြောင်းပေးရေးနှင့်ပတ်သက်ပြီး အစ္စလာမ္မစ်အဖွဲ့ ဟားမားစ်ကို အစ္စရေးက အပြင်းအထန် တောင်းဆိုနေချိန်တွင် ထိုကဲ့သို့လုပ်ဆောင်မှု ထွက်ပေါ်လာခြင်းဖြစ်သည်။

သဘော တူညီချက်အရ အောက်တိုဘာ ၁၃ ရက်နောက်ဆုံးထားပြီး ဓားစာခံအားလုံးပေါင်း ၄၈ ဦးကိုပြန်လည်လွှတ်ပေးရမည်ဖြစ်သော်လည်း သေဆုံးရုပ်အလောင်းအချို့ပြန်လည်လွှဲပြောင်းပေးရာတွင် ဟားမားစ်အဖွဲ့ဘက်မှ နှောင့်နှေးကြန့်ကြာမှု ရှိနေခဲ့ခြင်းဖြစ်သည်။

ဂါဇာတောင်ပိုင်း ခန်းယူနစ်မြို့တွင် အောက်တိုဘာ ၂၆ ရက်က အင်န်အိတ်ချ်ကေ ဂါဇာရုံးမှ ရိုက်ယူထားသော ရုပ်သံဖိုင်တွင် အီဂျစ်အဖွဲ့သည် စက်ယန္တရားကြီးများအသုံးပြုကာ မြေအောက်ဥမင်လိုဏ်ခေါင်းတစ်ခုအနီး တူးဖော်မှုများလုပ်ဆောင်နေသည်ကို တွေ့ရသည်။

**အင်န်အိတ်ချ်ကေ**




# လာမည့် ၃၆ နာရီအတွင်း အိန္ဒိယနိုင်ငံတောင်ပိုင်း အပူပိုင်းမုန်တိုင်းဝင်ရောက်မည်

**နယူးဒေလီ အောက်တိုဘာ ၂၇**

လာမည့် ၃၆ နာရီအတွင်း အပူပိုင်းမုန်တိုင်း မွန်သာဝင်ရောက်မည့် မိုးလေဝသသတိပေးချက်နှင့်အတူ အိန္ဒိယနိုင်ငံတောင်ပိုင်း အန်ဒရာပရာဒေ့ရှ်ပြည်နယ်ရှိ ဒေသအချို့တွင် စာသင်ကျောင်းများကို နှစ်ရက်ကြာ ပိတ်ထားကြောင်း သိရသည်။

မုန်တိုင်းမကျရောက်မီ အိန္ဒိယနိုင်ငံ အရှေ့ပိုင်းပြည်နယ်များဖြစ်သည့် အနောက်ဘင်္ဂလားနှင့် ဩဒိသပြည်နယ်များနှင့် တောင်ပိုင်းပြည်နယ်များဖြစ်သည့် အန်ဒရာပရာဒေ့ရှ်နှင့် တမီးလ်နာဒူတို့တွင် လေတိုက်နှုန်း တစ်နာရီ ၁၀၀ ကီလိုမီတာအထိရှိနိုင်ပြီး မိုးသည်းထန်ခြင်းမှ အလွန်သည်းထန်မည်ဖြစ်ကြောင်း အိန္ဒိယမိုးလေဝသဌာနက သတင်းထုတ်ပြန်ဖော်ပြထားသည်။ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင်ဖြစ်ပေါ်လျက်ရှိသော အင်အားပြင်းလေဖိအားနည်းရပ်ဝန်းတစ်ခုသည် အင်အားပြင်းမုန်တိုင်း တစ်ခုအဖြစ် အောက်တိုဘာ ၂၆ ရက်တွင် အသွင်ပြောင်းဖြစ်ပေါ်လာခဲ့ပြီး ယင်းမုန်တိုင်းသည် အောက်တိုဘာ ၂၈ ရက်တွင် အန်ဒရာပရာဒေ့ရှ် ကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသဌာနက သတင်းထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

# သီရိလင်္ကာနိုင်ငံ ခရီးသွားကဏ္ဍမြှင့်တင်ရန် အေဒီဘီက ချေးငွေ ကန်ဒေါ်လာ သန်း ၁၀၀ အတည်ပြု

**ကိုလံဘို အောက်တိုဘာ ၂၇**

အာရှဖွံ့ဖြိုးရေးဘဏ်(အေဒီဘီ)သည် သီရိလင်္ကာနိုင်ငံ၏ ခရီးသွားကဏ္ဍကိုပံ့ပိုးပေးရန် ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကို အတည်ပြုခဲ့ကြောင်း အောက်တိုဘာ ၂၇ ရက်တွင် ကြေညာသည်။

အဆိုပါစီမံကိန်းမှာ ပုဂ္ဂလိကကဏ္ဍပူးပေါင်းပါဝင်မှုမြှင့်တင်ရေး၊ ကမ္ဘာလှည့်ခရီးသည်လာရောက်မှုမြှင့်တင်ရေး၊ နိုင်ငံခြားငွေလဲလှယ်ခြင်းနှင့် အခြေခံအဆောက်အအုံလိုအပ်ချက်များ ဖြေရှင်းရန်တို့ကို ပံ့ပိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ရေရှည်တည်တံ့သော ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာရန်ပုံငွေအတွက် သက်သာသောချေးငွေ ဒေါ်လာ သန်း၇၀ နှင့် ပုံမှန်ချေးငွေ ဒေါ်လာ သန်း ၃၀ ပါဝင်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ကွန်ဂိုဒီမိုကရက်တစ်နိုင်ငံ အရှေ့ပိုင်း၌ မီးလောင် ၁၄ ဦးထက်မနည်းသေဆုံး

**ဂိုမား အောက်တိုဘာ ၂၇**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အရှေ့ပိုင်း တောင်ကီဘုပြည်နယ်၏ မြို့တော် ဘူကာဘု၌ အောက်တိုဘာ ၂၆ ရက်ညနေပိုင်းက မီးလောင်မှုဖြစ်ပွားသဖြင့် ၁၄ ဦးထက်မနည်း သေဆုံးကြောင်း ဒေသတွင်း သတင်းရင်းမြစ်များအရ သိရသည်။

မီးလောင်မှုကြောင့် နေအိမ်အတွင်း ၁၄ ဦး ပိတ်မိခဲ့ပြီး နေအိမ်လှေကား မီးလောင်သွားသဖြင့် ထွက်ပြေး၍ မရနိုင်ခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် အများအပြားဒဏ်ရာရရှိသဖြင့် လက်ရှိတွင် မြို့အတွင်း ဆေးရုံများ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။

ကွန်ဂိုဒီမိုကရက်တစ်နိုင်ငံ၌ နေအိမ် တစ်ဒါဇင်ခန့် မီးလောင်ပျက်စီးသွားခဲ့ပြီး မီးလောင်မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အာဏာပိုင်များက ပြောကြားသည်။ **ဆင်ဟွာ**

# အိန္ဒိယနှင့် တရုတ်ပြည်မကြီးကြား တိုက်ရိုက်လေကြောင်းပျံသန်းပြေးဆွဲမှု ပြန်လည်စတင်

**နယူးဒေလီ အောက်တိုဘာ ၂၇**

အိန္ဒိယနိုင်ငံသည် တရုတ်ပြည်မကြီးသို့ တိုက်ရိုက်ပျံသန်းသည့် လေကြောင်းခရီးစဉ်များကို ငါးနှစ်ကြာရပ်နားထားပြီးနောက် အောက်တိုဘာ ၂၆ ရက် ညပိုင်းတွင် ပျံသန်းပြေးဆွဲမှုများ ပြန်လည်စတင်လိုက်ပြီဖြစ်ကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားသည်။

အိန္ဒိယနိုင်ငံအရှေ့ပိုင်း အနောက်ဘင်္ဂလားပြည်နယ်၏ မြို့တော်ဖြစ်သော ကိုလ်ကတ္တားမြို့ရှိ နေတာဂျီဆူ ဘတ်စ်ချန်ဒရာဗို့စ် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်နိုင်ငံတောင်ပိုင်း ကွေကျိုးမြို့သို့ လေယာဉ်ပျံသန်းပြေးဆွဲမှုကို ပြန်လည်စတင်လိုက်ခြင်းဖြစ်သည်။

တာဝန်ရှိသူများ၏ ပြောကြားချက်အရ IndiGo လေကြောင်းလိုင်းမှ စတင်ပျံသန်းသော လေယာဉ်ခရီးစဉ်တွင် ခရီးသည် ၁၇၆ ဦး လိုက်ပါခဲ့ကြောင်း သိရသည်။ ထိုကဲ့သို့ တိုက်ရိုက်လေကြောင်းပျံသန်းပြေးဆွဲမှုများက ကမ္ဘာ့လူဦးရေအများဆုံးနှင့် စီးပွားရေးလျင်မြန်စွာတိုးတက်နေသော နိုင်ငံနှစ်နိုင်ငံအကြား နှစ်နိုင်ငံမိတ်ဖက်ဆက်ဆံရေးကို ခိုင်မာအားကောင်းစေမည်ဟု IndiGo လေကြောင်းလိုင်း အမှုဆောင်အရာရှိချုပ် ပီတာအယ်ဘာစ်က ပြောသည်။

အိန္ဒိယနှင့် တရုတ်ပြည်မကြီးတို့အကြား တိုက်ရိုက်လေကြောင်းခရီးစဉ်များကို ၂၀၂၀ ပြည့်နှစ် အစောပိုင်းကာလအထိ ပျံသန်းပြေးဆွဲမှုများ လုပ်ဆောင်ခဲ့သော်လည်း နောက်ပိုင်းတွင် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားခဲ့ရသည်။ **ဆင်ဟွာ**



# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ရွှေဘိုမြို့နယ် မြောင်းကြီးကျေးရွာ၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် ၂၆၉၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၄၁၇၉၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့ ကံကြီးကုန်းကျေးရွာအနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၃၄ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၂၃၁၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၂၄၁၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၄ ရက်တွင် ဒိုက်ဦးမြို့နယ်နှင့် တောင်ငူမြို့နယ်တို့အတွင်း၌ တရားမဝင် အခြားသစ် ၄ ဒသမ ၀၈၇ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၄၀၇၁၆)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၄ ရက်တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀) ကို လည်းကောင်း၊ ဝေါမြို့အထွက် ရှောင်ကွင်းလမ်း၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၇ မျိုး၊ စားသောက်ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၉၄၁၂၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hyundai Starex တစ်စီး၊ Higer Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ အောက်တိုဘာ ၂၅ ရက်တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၉၆၄၉၀၀၀) ကို လည်းကောင်း၊ အောက်တိုဘာ ၂၆ ရက်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ လူသုံးကုန်ပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၅၇၇၇၂၇) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၄၂၁၆၇၉၂၇ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ဆောင်ရွက်ထားရှိသည်။

အောက်တိုဘာ ၂၄ ရက်၊ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၅၆၁၈၆၄၃) ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **သတင်းစဉ်**

# ချမ်းမြသာစည်မြို့နယ်၌ ငွေကြေးအခက်အခဲကြောင့် အဒေါ်ဖြစ်သူနှင့် တူမဖြစ်သူတို့ကို သံရိုက်တူဖြင့် ရိုက်နှက်ကာ ရွှေတုံးနှင့် ငွေများ ယူဆောင်ခဲ့သည့် အမျိုးသမီး ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် အောက်တိုဘာ ၂၇**

ချမ်းမြသာစည်မြို့နယ်၌ ငွေကြေးအခက်အခဲကြောင့် အဒေါ်ဖြစ်သူနှင့် တူမဖြစ်သူတို့ကို သံရိုက်တူဖြင့် ရိုက်နှက်ကာ ရွှေတုံးနှင့် ငွေများ ယူဆောင်ခဲ့သည့် အမျိုးသမီးအား ဖော်ထုတ် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ အောက်တိုဘာ ၂၆ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၂)ရပ်ကွက် လမ်း ၇၀ (အေ)၊ ၁၀၇ လမ်းနှင့် ၁၀၈ လမ်းကြားရှိ အိမ်အမှတ် (၁၇၂) နေအိမ်၌ အမျိုးသမီးတစ်ဦး အသတ်ခံရကြောင်း သတင်းအရ ချမ်းမြသာစည်မြို့နယ် အမှတ် (၁၁)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက် စစ်ဆေးခဲ့ရာ အဆိုပါ နေအိမ်ပိုင်ရှင် အငြိမ်းစား စာကြည့်တိုက်မှူး ဒေါ်ခင်စိုးမြင့် (၈၄)နှစ်ကို နေအိမ်မြေညီထပ် ညှော့ခန်းအတွင်းရှိ ထိုင်ခုံပေါ်တွင် ဦးခေါင်းပေါက်ပြဲဒဏ်ရာ တစ်ချက်ဖြင့် သေဆုံးနေပြီး အတူနေ ၎င်း၏မြေးဖြစ်သူ ဒေါ်အေးအေးခိုင် (၃၆)နှစ်အား မြေညီထပ်ညှော့ခန်း ခုတင်ပေါ်တွင် ဦးခေါင်း၊ ဝဲနားထင်တို့၌ ပေါက်ပြဲဒဏ်ရာနှစ်ချက် ရရှိထားသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ချမ်းမြသာစည်မြို့နယ် အမှတ် (၁၁)နယ်မြေရဲစခန်း(ပ) ၁၈၉/၂၀၂၅၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၂/၃၂၆ ဖြင့် အမှုရေးဖွင့် စစ်ဆေးဆောင်ရွက်ခဲ့သည်။

**ဖမ်းဆီးရမိ**

ပြစ်မှု ကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ရေးအတွက် ရဲတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူမှာ သေဆုံးသူ၏ တူမတော်စပ်သူ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၃) အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း၌ တွဲဖက်တာဝန်ထမ်းဆောင်နေသည့် အလယ်တန်းပြ ဆရာမ မစိုးစိုးထွန်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ ၎င်းအား အောက်တိုဘာ ၂၆ ရက် ညနေ ၅ နာရီကျော်တွင် အခင်းဖြစ်နေအိမ်သို့ ပြန်လည်ရောက်ရှိလာစဉ် ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ စိုးစိုးထွန်း၏ ထွက်ဆိုချက်အရ ၎င်းသည် ၂၀၂၃ ခုနှစ် ဇူလိုင်လခန့်မှစ၍ နွားထိုးကြီးမြို့နယ်မှ ယာယီနေရပ်စွန့်ခွာ၍ ပြင်ဦးလွင်မြို့၌ အိမ်ငှားရမ်း နေထိုင်ခဲ့ရသဖြင့် ငွေကြေးအခက်အခဲ များစွာရှိခဲ့ကြောင်း၊ ၂၀၂၅ ဇူလိုင်လတွင် ၎င်း၏အဒေါ်တော်စပ်ပြီး မိသားစုကဲ့သို့ ရင်းနှီး၍ ဝင်ထွက်သွားလာနေသည့် ဒေါ်ခင်စိုးမြင့်မှ မန္တလေးမြို့ မြို့သစ်(၅)ရပ်ကွက်ရှိ နေအိမ်အား ရောင်းချသည်ကို သိရှိရသဖြင့် ငွေချေးယူခဲ့ရာ ဒေါ်ခင်စိုးမြင့်မှ အိမ်ရောင်းရငွေ အကျေအလည်ရရှိပါက စီစဉ်ပေးမည်ဟု ပြောကြားခဲ့ပြီး ငွေအကျေအလည်ရရှိပြီး အခင်းဖြစ်ပွားခဲ့သည့် နေအိမ်အား ပြန်လည်ဝယ်ယူ ပြောင်းရွှေ့နေထိုင်ခဲ့သော်လည်း ၎င်း၏ အခက်အခဲအား ဆောင်ရွက်ပေးမှု မရှိကြောင်း၊ အောက်တိုဘာ ၂၄ ရက်တွင် ဒေါ်ခင်စိုးမြင့်မှ ၎င်းအား ဖုန်းဆက်ခေါ်၍ အခင်းဖြစ်နေအိမ်သို့ ထပ်မံရောက်ရှိနေထိုင်ခဲ့ပြီး အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းတွင် ဒေါ်ခင်စိုးမြင့်၊ တူမတော်စပ်သူ မအေးအေးခိုင်တို့နှင့်အတူ ဈေးဝယ်ထွက်ပြီးနောက် နံနက် ၁၁ နာရီခန့် နေအိမ်သို့ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ နေ့လယ်စာစားပြီးချိန်တွင် မအေးအေးခိုင်မှာ မြေညီထပ် ညှော့ခန်းအတွင်းရှိ ခုတင်ပေါ် အိပ်ပျော်နေစဉ် နေအိမ်ဝင်ပေါက်အနီး သစ်သားသေတ္တာအတွင်းမှ သံရိုက်တူအား ယူဆောင်ကာ မအေးအေးခိုင်အား သုံးချက်ခန့် ထုရိုက်ပြီး ထိုင်ခုံပေါ် ထိုင်နေသည့် ဒေါ်ခင်စိုးမြင့်၏ ဦးခေါင်း ငယ်ထိပ်အား တစ်ချက်ထုရိုက်ခဲ့ကြောင်း၊ ထို့နောက် ဒေါ်ခင်စိုးမြင့် အိပ်ခန်းအတွင်းရှိ သံသေတ္တာအား တူဖြင့်ရိုက်ဖျက်ကာ သေတ္တာအတွင်း သိမ်းဆည်းထားသည့် "အောင်သမာဓိ"တံဆိပ်ပါ ရွှေ ၁၀ ကျပ်သားတုံး တစ်တုံး၊ အိပ်ရာပေါ်ရှိ ငွေကျပ်သိန်း ၁၀၀ တို့ကို ယူဆောင်ကာ ပြင်ဦးလွင်မြို့သို့ ပြန်လာခဲ့ကြောင်း၊

**စစ်ဆေးဖော်ထုတ်**

အောက်တိုဘာ ၂၆ ရက်တွင် ဒေါ်ခင်စိုးမြင့် နေအိမ်မှ ယူဆောင်လာသည့် ရွှေတုံးအား ရောင်းချကာ ၎င်းချေးငှားထားသည့် ငွေကြေးများ ပြန်လည်ပေးဆပ်သုံးစွဲခဲ့ကြောင်း စစ်ဆေးဖော်ထုတ်သိရှိရသည်။

**ဥပဒေနှင့်အညီ အရေးယူ**

ထိုသို့ ငွေကြေးအခက်အခဲကြောင့် အဒေါ်ဖြစ်သူနှင့် တူမဖြစ်သူတို့အား သံရိုက်တူဖြင့် ထုရိုက်ခဲ့သည့် စိုးစိုးထွန်းအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးနှင့် သိမ်းဆည်းရန်ကျန် သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်း ရရှိနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သက်ဆိုင်ရာမှ သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိ

**(၂၇-၁၀-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၁၉-၁၀-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၆-၁၀-၂၀၂၅) ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ် ကုသပေးသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာ မရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေ မရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါ ရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့် အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံပေးနေပြီ ဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန
(Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး လယ်ဝေးမြို့နယ်၌ မိုးစပါးရိတ်သိမ်းနေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု



**နေပြည်တော် အောက်တိုဘာ ၂၇**
နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ်အတွင်း မိုးစပါးများ ရိတ်သိမ်းနေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုခဲ့သည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်သည် ရန်ကုန်-မန္တလေး လမ်းဟောင်းတစ်လျှောက် သန့်ရှင်းသာယာလှပစေရေး၊ သစ်ပင်ကြီးများ အလင်းဖွင့်ခြင်း၊ ချုံနွယ်များ ရှင်းလင်းခြင်း၊ လမ်းဧရိယာအတွင်း ကျူးကျော်အဆောက်အအုံများ ရှင်းလင်းရေးတို့ကို သက်ဆိုင်ရာဌာနများအား မှာကြားသည်။ ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် ဝက္ကမူကျေးရွာ ကွင်းအမှတ်(၁၈၀၉) တောင်သူ ဦးလှကြည်၏ ဆင်းသုခမိုးစပါး သုံးဧက ရိတ်သိမ်းနေမှုနှင့် ဝက္ကမူကွင်း ကွင်းအမှတ် (၁၇၈၉) တောင်သူ ဦးနန်းဝင်း၏ မနောသုခမျိုး မိုးစပါးသုံးဧကနှင့် သပြေပင်ကျေးရွာ ကွင်းအမှတ် (၁၇၉၇) တောင်သူ ဦးကျော်ဆွေ၏ ဆင်းသုခမျိုး မိုးစပါး ၄ ဒသမ ၃၇ ဧကအား စက်ကိရိယာဖြင့် ရိတ်သိမ်းခြွေလှေ့နေမှုတို့ကို ကြည့်ရှုအားပေး၍ ဆောင်းသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်ရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် ပျံချီကျေးရွာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ စောင်၊ အိပ်ရာခင်း၊ ခြင်ထောင်နှင့် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ဆက်လက်၍ ပျံချီကျေးရွာ ဘုန်းတော်ကြီးကျောင်းအဝင်လမ်းတွင် နေပြည်တော်ကောင်စီ၏ ၂၀၂၅-၂၀၂၆ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဝိုင်းပြည့်အောင် Co,Ltd. မှ တာဝန်ယူ တည်ဆောက်လျက်ရှိသည့် အရှည် ၆၉၉ပေ၊ အမြင့် နှစ်ပေ၊ အကျယ် တစ်ပေခွဲရှိ အုတ်စီရေမြောင်း ဆောင်ရွက်နေမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ သတ်မှတ်အရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးရေး မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တိုက်ကြီးမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော



**တိုက်ကြီး အောက်တိုဘာ ၂၇**
ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ကျောင်းသား ကျောင်းသူ လူငယ်များ မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် တိုက်ဖျက်နိုင်စေရန်နှင့် မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဆိုးကျိုးများကို သိရှိပြီး ကြိုတင်ရှောင်ရှားနိုင်စေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရာပြည့်အောင် ကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်းကာ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၂၆ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စောဝတ်ရည်က မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့် လူတစ်ဦးတစ်ယောက်ချင်း ထိခိုက်စေရုံသာမက မိသားစု၊ ဆွေမျိုးအပေါင်းအသင်း၊ တိုင်းပြည်၏ အရင်းအမြစ်များနှင့် လူ့အဖွဲ့အစည်းတစ်ခုလုံး ထိခိုက်စေနိုင်ပုံတို့ကို အသိပညာပေး ဟောပြောသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## ကြို့ပင်ကောက်မြို့နယ်၌ မိုးစပါးရိတ်သိမ်းခြွေလှေ့မှု တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု



**ကြို့ပင်ကောက် အောက်တိုဘာ ၂၇**
ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် တူးကံကျေးရွာမှ သမဝါယမအသင်းသားများ စိုက်ပျိုးထားသည့် YSR-1 (အောင်နိုင်တိုး)စပါး ရိတ်သိမ်းခြွေလှေ့မှုအား မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တူးကံကျေးရွာ တူးကံစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ အသင်းသား ၃၂ ဦး၏ လယ်ဧက ၁၉၁ ဧကတွင် YSR-1 (အောင်နိုင်တိုး)စပါးနှင့် ဆာဖိုးသာစပါးမျိုးများ စိုက်ပျိုးထားရှိပြီး တစ်ဧကအထွက်နှုန်း ၁၀၅ တင်း ထွက်ရှိကြောင်းနှင့် သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပန်းတိုင်စပါးအထွက်နှုန်း တိုးတက်လာစေရန်အတွက် ထောက်ပံ့ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောက်ဆည်မြို့၌ အခွန်ပညာပေးဆွေးနွေးပွဲ ကျင်းပ

**ကျောက်ဆည် အောက်တိုဘာ ၂၇**
နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်များ အပြည့်အဝ ကောက်ခံရရှိရေး၊ အခွန်ထမ်းပြည်သူများမှ အခွန်ကို လိုလားကြည်ဖြူစွာ ထမ်းဆောင်လာစေရေးအတွက် တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ရှင်းလင်းလွယ်ကူစွာ သိရှိနိုင်ရေး အခွန်ပညာပေးဆွေးနွေးပွဲကို ယမန်နေ့က ကျောက်ဆည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျောက်ဆည်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်များ ဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးသင်းက ပြည်တွင်းအခွန်ဦးစီးဌာနမှ စည်းကြပ်ကောက်ခံလျက်ရှိသည့် အခွန်များနှင့်စပ်လျဉ်း၍ တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြေစာအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာများ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။



**သက်မောင်(ကျောက်ဆည်)**

## သုံးခွမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**သုံးခွ အောက်တိုဘာ ၂၇**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို သိုက်တူးကန်ကျေးရွာ ကွင်းအမှတ် ၈၄၆ A၊ ဦးပိုင်အမှတ် ၁၅/၂ တောင်သူ ဦးမောင်မြင့်၏ မိုးစပါးစံပြစိုက်ခင်းတွင် အောက်တိုဘာ ၂၃ ရက်က ကျင်းပသည်။

မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို တောင်သူ ဦးမောင်မြင့်၏ လယ်ဧက၌ ရိတ်သိမ်းရာ မှော်ဘီ(၃) မိုးစပါးအထွက်နှုန်းမှာ စပါးအစိုထွက်နှုန်း တစ်ဧကလျှင် ထွက်နှုန်း ၁၂၉ တင်း၊ အခြောက် ၁၀၈ တင်းထွက်ရှိကြောင်း သိရသည်။ သုံးခွမြို့နယ်တွင် မိုးစပါးစိုက်ဧက ၁၅၃၆၁၀ ရှိပြီး ယနေ့အထိ ရိတ်သိမ်းပြီး ၅၃၃၆၈ ဧက ရှိကြောင်း သိရသည်။

**စည်သူလင်း(ပြန်/ဆက်)**




## မိုင်းယန်းမြို့၌ စိုက်ပျိုးထားသော မိုးစပါး ဆင်းကေရီ-၃ စပါးမျိုးစံပြစိုက်ကွက်ရိတ်သိမ်း

**မိုင်းယန်း အောက်တိုဘာ ၂၇**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့ ပါမိုင်ရပ်ကွက်၌ စိုက်ပျိုးထားသော မိုးစပါးဆင်းကေရီ(၃) စပါးမျိုး စံကွက်ရိတ်သိမ်းခြင်းကို အောက်တိုဘာ ၂၃ ရက်က ပါမိုင်ရပ်ကွက်နေ တောင်သူ ဦးယောနဆန်၏ လယ်မြေ၌ ဆောင်ရွက်ရာ စပါးအစို အထွက်တင်း ၁၂၄ ဒသမ ၉၆ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးစပါး ဆင်းကေရီ - ၃ စပါးမျိုးစံကွက်ရိတ်သိမ်းမှုအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တောင်သူများက ပါမိုင်ကွင်း ကွင်းအမှတ်(၈)၊ တောင်သူ ဦးယောနဆန်၏ လယ် ၂ ဒသမ ၈၀ ဧကအတွင်း မိုးစပါး ဆင်းကေရီ (၃) စပါးမျိုးစံကွက်တွင် ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

**ထွန်းထွန်းထူး**



## ငါးသိုင်းချောင်းမြို့၌ ယာယီနေရပ်စွန့်ခွာသူများအား ဆန်နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ ထောက်ပံ့

**ငါးသိုင်းချောင်း အောက်တိုဘာ ၂၇**
ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်အိတ်နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ ပေးအပ်ခြင်းကို အောက်တိုဘာ ၂၃ ရက်က ငါးသိုင်းချောင်းမြို့ အမျိုးသားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရေကြည်မြို့နယ် ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးမောင်မောင်အေးနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား အာဆီယံနိုင်ငံများမှ ထောက်ပံ့သည့် ဆန်နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများအား အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်အိတ်၊ သုံးယောက်နှင့်အထက် အိမ်ထောင်စုတစ်စုလျှင် တစ်ကိုယ်ရေသုံးပစ္စည်း နှစ်ပုံးနှုန်းဖြင့် မြို့ပေါ်နှင့် ကျေးရွာများမှ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ပေးအပ်ခဲ့သည်။

**ငါးသိုင်းချောင်း(ပြန်/ဆက်)**

## သုံးခွမြို့နယ် ကတုံးပေါ်အထက်ကျေးရွာ၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေး

**သုံးခွ အောက်တိုဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ဦးစီးမှူးနှင့် ဝန်ထမ်းများက လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့ဆောင်ပုဒ်နှင့်အညီ အောက်တိုဘာ ၂၆ ရက်က ကတုံးပေါ် အထက်ကျေးရွာ၌ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေးသည်။



ထိုသို့ဆောင်ရွက်ပေးရာတွင် မြို့နယ် ဒုတိယလက်ထောက် လဝကဦးစီးမှူး ဦးမျိုးမြတ်ဇော်က ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ အကြောင်းအရာများ၊ ပန်းခင်းစီမံချက် အကြောင်းအရာများနှင့် နိုင်ငံသားစိစစ်ရေးကတ်ရရှိခြင်းကြောင့် ရရှိမည့် အကျိုးကျေးဇူးများ၊ မပျောက်ပျက်အောင် စနစ်တကျထိန်းသိမ်းရန် လိုအပ်ပုံတို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အသက် ၁၆ နှစ်မှ ၁၈ နှစ်အထိနှင့် အသက် ၁၈ နှစ်အထက် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား လိုအပ်သော သက်သေခံ အထောက်အထားများ၊ စာရွက်စာတမ်းများ စိစစ်၍ နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးသည်။

မြို့နယ် လဝကဦးစီးမှူးရုံးမှ ဝန်ထမ်းများက ပန်းခင်းစီမံချက် (၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ရပ်ကွက်၊ ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**စည်သူလင်း(ပြန်/ဆက်)**

## မြို့သစ်မြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ နံရံကပ်စာစောင်ပြပွဲနှင့် လက်ကမ်းစာစောင်ဖြန့်ဝေ

**မြို့သစ် အောက်တိုဘာ ၂၇**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ ကျောင်းသား ကျောင်းသူများ ကလေးအလုပ်သမားပပျောက်ရေးနှင့်ပတ်သက်၍ အသိပညာဗဟုသုတ ရရှိစေရန်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်ပြပွဲနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို အောက်တိုဘာ ၂၄ ရက်က ကွက်သစ်ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်ထွေးက ကျောင်းသား ကျောင်းသူများအား ကလေးအလုပ်သမားနှင့်ပတ်သက်၍ အသိပညာပေး ပြောကြားပြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များပြသခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**ဝင်းအိဇွန်(ပြန်/ဆက်)**

## လူကုန်ကူးမှုအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်၊ နံရံကပ်စာစောင်ပြပွဲကျင်းပ

**ကန့်ဘလူ အောက်တိုဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ လူကုန်ကူးမှုအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်၊ နံရံကပ် စာစောင်ပြပွဲကို ယနေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ညောင်အိုင်၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အိအိသင်းက လူကုန်ကူးမှုဆိုသည် မိမိအကျိုးစီးပွားတစ်ခုတည်းအတွက် လူသားများ၏ ကိုယ်ကာယ၊ လုပ်အားများကို လူသားအချင်းချင်း ခေါင်းပုံဖြတ်အမြတ်ထုတ် အကျိုးအမြတ် ရယူခြင်းဖြစ်ကြောင်း စသည့်လူကုန်ကူးမှုဆိုင်ရာသိကောင်းစရာများ၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန အငယ်တန်းစာရေး ဒေါ်အိမွန်ကျော်က စားသုံးသူကာကွယ်ရေး သိကောင်းစရာများကို ဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်း ပြသထားသည့် အသိပညာပေး စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက လေ့လာဖတ်ရှုကြကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ပေါက်ခေါင်းမြို့နယ်၌ ဂုဏ်ထူးရအောင်သင်ကြားပေးသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ထူးချွန်ဆုချီးမြှင့်

**ပေါက်ခေါင်း အောက်တိုဘာ ၂၇** မြို့နယ်၌ ပေါက်ခေါင်းမြို့နယ် ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်း အသင်း (ရန်ကုန်)နှင့် မြို့နယ်



စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီတို့က ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရအောင်သင်ကြားပေးသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ်အထက (ပေါက်ခေါင်း) ငွေရတုခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်သူဦးက အမှာစကားပြောကြားပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရရှိသော ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးရအောင် သင်ကြားပေးသော ဆရာ ဆရာမများကို ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ပေးအပ်သည်။

**လောမင်းကို(ပြန်/ဆက်)**

## ကလေးဝမြို့၌ တောင်သူများအား ယူရီးယားဓာတ်မြေဩဇာနှင့် မျိုးစေ့များပေးအပ်

**ကလေးဝ အောက်တိုဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေ (ဌာနအစီအစဉ်) ဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် တောင်သူများအား ယူရီးယားဓာတ်မြေဩဇာနှင့် မျိုးစေ့များပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၌ ပြုလုပ်သည်။

အခမ်းအနား၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဇော်ဇော်အောင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးနိုင်က ယူရီးယားဓာတ်မြေဩဇာနှင့် မျိုးစေ့များပေးအပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တောင်သူများအား ယူရီးယားဓာတ်မြေဩဇာနှင့် မျိုးစေ့များကို ပေးအပ်ပြီး အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**



## မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး

**မြစ်သား အောက်တိုဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လွယ်ကူစွာဆန္ဒမဲပေးတတ်စေရန် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးမှုသရုပ်ပြသခြင်းကို အောက်တိုဘာ ၂၆ ရက်က မြစ်သားမြို့မရဲစခန်း၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသန်းမောင်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဦးစီးအရာရှိ ဒေါ်ယဉ်မွန်ဖိုးက မြန်မာအီလက်ထရောနစ်မဲပေးစက် ဖွဲ့စည်းပုံကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များက လက်တွေ့စမ်းသပ်မဲပေးကြသည်။

**ဝါဝါမြင့်(မြစ်သား)**

## ပလောက်မြို့၌ မြန်မာအီလက်ထရောနစ် မဲပေးစက် လက်တွေ့သရုပ်ပြ

**ပလောက် အောက်တိုဘာ ၂၇**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ပလောက်မြို့၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးက မြန်မာအီလက်ထရောနစ် မဲပေးစက်အသုံးပြု၍ ဆန္ဒမဲပေးခြင်းဆိုင်ရာများ အသိပညာပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ပလောက်မြို့ ရွှေသီလာရတနာခန်းမ၌ ကျင်းပသည်။

အသိပညာပေးဆောင်ရွက်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးနေဝင်းက အမှာစကားပြောကြားပြီး ပလောက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူး ဦးဟိန်းမင်းအောင်က မဲပေးပုံအဆင့်ဆင့်ကို အသိပညာပေး ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ မဲဆန္ဒရှင်ပြည်သူများက မြန်မာအီလက်ထရောနစ် မဲပေးစက်အသုံးပြု၍ မဲပေးခြင်း၊ မဲရလဒ်များထုတ်ယူကြည့်ရှု စစ်ဆေးခြင်းတို့ကို လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပလောက်(ပြန်/ဆက်)**



## မြန်မာအီလက်ထရောနစ်မဲပေးစက် Installation ပြုလုပ်ခြင်း သင်တန်းဖွင့်

**တောင်တွင်းကြီး အောက်တိုဘာ ၂၇**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြန်မာအီလက်ထရောနစ်မဲပေးစက် Installation ပြုလုပ်ခြင်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အမှာစကားပြောကြားသည်။

သင်တန်းတွင် အီလက်ထရောနစ်မဲပေးစက်တပ်ဆင်ခြင်း၊ အီလက်ထရောနစ် မဲပေးစက်စမ်းသပ်ခြင်း၊ အီလက်ထရောနစ်မဲပေးစက် Installation ပြုလုပ်ခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်တွင် သတိပြုရမည့်အချက်များ စသည့်အကြောင်းအရာများအား မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတို့က သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ချောင်းသာမြို့၌ အင်္ဂလိပ်ဘာသာစကား(အခြေခံ)သင်တန်းဖွင့်ပွဲကျင်းပ



**ချောင်းသာ အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့၌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့်ဖွင့်လှစ်သော အင်္ဂလိပ်ဘာသာစကား(အခြေခံ) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက AZURA Resort Hotel ခန်းမ၌ ကျင်းပသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး ချောင်းသာကမ်းခြေဒေသ ခရီးစဉ်မှတ်တမ်း ဗီဒီယိုကလစ်အား ပြသကာ အင်္ဂလိပ်ဘာသာစကား(အခြေခံ) သင်တန်းတွင် သင်ကြားပို့ချမည့် သင်ထောက်ကူပစ္စည်းများအား ကြည့်ရှုသည်။

**သင်ကြားပို့ချပေးမည်**

ချောင်းသာဟိုတယ်ဇုန်၏ ဟိုတယ်နှင့် ခရီးသွားကဏ္ဍအတွင်းရှိ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေး၊ ခရီးသွားဧည့်သည်များအား ဝန်ဆောင်မှုကောင်းများ ပေးအပ်နိုင်စေရန်အတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ဟိုတယ်တည်းခိုရိပ်သာများမှ သင်တန်းသား ၃၀ ဖြင့် အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂၁ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ကျော်ဟိန်း(ပြန်/ဆက်)

# သထုံခရိုင်ပြည်သူ့စာကြည့်တိုက်၌ စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပ



**သထုံ အောက်တိုဘာ ၂၇**

မွန်ပြည်နယ် သထုံမြို့နယ်၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဘင်လှိုင်ရပ်ကွက်၊ ဝါးတော အခြေခံပညာ မူလတန်းလွန်ကျောင်းမှ ကျောင်းသား ကျောင်းသူများအား ယနေ့နံနက်ပိုင်းက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာဖတ်ဝိုင်း ပြုလုပ်သည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက စာဖတ်ဝိုင်း ပြုလုပ်ရသည့် ရည်ရွယ်ချက်နှင့် လစဉ်စာဖတ်ဝိုင်းများ ပြုလုပ်နေမှုများကို ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများက စာရေးသူ ဟေမာန်အိမ့်မြန်မာပြန်ဆိုရေးသားသည့် ခက်ခဲသော်လည်း ပျော်ရွှင်ပါစာအုပ်ကို အခန်းလိုက် ဖတ်ရှုကာ မှတ်သားဖွယ်ရာများ၊ ၎င်းတို့နှစ်သက်ရာများကို အပြန်အလှန် သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# တပ်ကုန်းမြို့နယ်၌ သမဝါယမအသင်းသားများ၏ မိုးစပါးစိုက်ပျိုးမှုကို တာဝန်ရှိသူများ ကြည့်ရှု

**နေပြည်တော် အောက်တိုဘာ ၂၇**

နေပြည်တော်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်နှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၂၆ ရက်က တပ်ကုန်းမြို့နယ် အင်ဖက်ကုန်းကျေးရွာ၊ အင်ဖက်ကုန်း စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းသားများ၏ ရောမင်းစပါးမျိုး စိုက်ပျိုးထားသော အသင်းသား ဦးမြလင်း၏ မိုးစပါးစိုက်ခင်းအောင်မြင်ဖြစ်ထွန်းမှု အခြေအနေအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာ နေပြည်တော်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးက ယခုနှစ် မိုးစပါးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းပြည့်မီစေရေးအတွက် ဦးစီးဌာနမှ စဉ်ဆက်မပြတ် ကြီးကြပ်ဆောင်ရွက်ရေး၊ စပါးအထွက်နှုန်း ပိုမိုကောင်းမွန်စေရေး ပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ သီးနှံဖျက်ပိုးကျရောက်မှုမရှိစေရေးအတွက် ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးနှင့် မြေဩဇာသွင်းအားစုများကို နည်းစနစ်မှန်ကန်စွာ အသုံးပြုစေလိုကြောင်း မြို့နယ်သမဝါယမဦးစီးဌာနက ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ကြီးကြပ်ဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

တင်စိုးလွင်(ပြန်/ဆက်)



# ဒေးဒရဲမြို့နယ်၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဟောပြော



**ဒေးဒရဲ အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသား ကျောင်းသူများ ပြင်ပဗဟုသုတများတိုးပွားစေရန်နှင့် ရာသီအလိုက် ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များအား ကြိုတင်သိရှိကာကွယ်နိုင်စေရန် ရည်ရွယ်၍ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် ဉာဏစွမ်းရည်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက မြို့နယ်လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပရာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ တက်ရောက်သည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က ကျောင်းသား ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပဗဟုသုတတိုးပွားစေရေးအတွက် ဟောပြောပွဲများ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများနှင့် ရာသီအလိုက်ဖြစ်ပွားတတ်သည့် သဘာဝဘေးအန္တရာယ်များ၊ နွေရာသီကာလဖြစ်ပွားနိုင်သည့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်နှင့် အပူဒဏ်အန္တရာယ်များ သတိပြုရှောင်ရှားရမည့် နည်းလမ်းများကို အသိပညာပေးဟောပြောသည်။ ထို့နောက် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အေဇာလင်း

# လှိုင်ကော်မြို့၌ အမျိုးသမီးအိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ်(၅) သင်တန်းဖွင့်

**လှိုင်ကော် အောက်တိုဘာ ၂၇**

လှိုင်ကော်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းခန်းမ၌ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ်(၅) ဖွင့်ပွဲအခမ်းအနားကျင်းပရာ ကယားပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သန်းစိုးအောင်နှင့် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြင့်ပညာကဏ္ဍ၊ အခြေခံပညာကဏ္ဍနှင့် အသက်မွေးပညာကဏ္ဍများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သက်မွေးပညာကဏ္ဍအနေဖြင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်း ကိုးကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၄၇ ကျောင်း ဖွင့်လှစ်ထားရှိကြောင်း၊ တိုင်းရင်းသူအမျိုးသမီးငယ်များသည် အိမ်တွင်းမှုသက်မွေးပညာရပ်များကို သင်ကြားတတ်မြောက်ပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်စေရန် ရည်ရွယ်၍ သင်တန်းများကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် ကယားပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသူ ၂၀ အား စက်ချုပ်ဘာသာရပ် မျိုး ၂၀၊ လက်မှုပညာဘာသာရပ် ရှစ်မျိုးနှင့် မုန့်လုပ်နည်း ငါးမျိုးတို့ကို အောက်တိုဘာ ၂၈ ရက်မှ ၂၀၂၆ ခုနှစ် မတ် ၂၆ ရက်အထိ ရက်သတ္တ ၂၂ ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# နတ်မောက်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး စာစီစာကုံးပြိုင်ပွဲကျင်းပ

**နတ်မောက် အောက်တိုဘာ၂၇**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး စာစီစာကုံးပြိုင်ပွဲကိုယနေ့နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်ကပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒေါ်ဝင်းမေထွန်း(စာထောက်-၃)က ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲကိုကျင်းပရာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ အထက်တန်းကျောင်းသား ကျောင်းသူများက တန်ဆောင်မုန်းလ၏ ကထိန်ပွဲတော်ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

လှဝင်း(ပြန်/ဆက်)



❏ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မြန်အောင်မြို့၌ လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာ ဟောပြောပွဲ ကျင်းပ

**မြန်အောင် အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာ ဟောပြောပွဲကို အောက်တိုဘာ ၂၃ ရက်က မြန်အောင်မြို့ လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းထွန်းက ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် လူငယ်စကားဝိုင်းများ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး လူငယ်စကားဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းထွန်း ဦးဆောင်၍ Grade – 9 မှ မောင်ထက်ဘုန်းပြည့်က လူငယ်နှင့်စည်းကမ်း၊ Grade –10 မှ မောင်စွမ်းထက်အောင်က လူငယ်နှင့်ပညာ၊ Grade–10 မှ မဆုပန်ထွာလင်းက လူငယ်နှင့် မူးယစ်ဆေး၊ Grade–10 မှ မဆုမြတ်မွန်က လူငယ်နှင့်ယဉ်ကျေးမှု ခေါင်းစဉ်များဖြင့်



ပါဝင်ဆွေးနွေးကြရာ တက်ရောက်ကြသည့် ကျောင်းသား ကျောင်းသူများ၏ ဆွေးနွေးမေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြသည်။

ဝင်းဗိုလ်(ပြန်/ဆက်)

## မြောင်းမြမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု အသိပညာပေးဟောပြော

**မြောင်းမြ အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အသိပညာပေးဟောပြောပွဲနှင့် ပြပွဲများကို အောက်တိုဘာ ၂၄ ရက်က အလက ဘုရားချောင်း (ရပ်) ကျောင်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် အလက ဘုရားချောင်း (ရပ်)ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အုန်းကြိုင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာကြည်က စာဖတ်ခြင်း၏ အကျိုးကျေးဇူး၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားမှူး ဦးစိုင်းဝေလင်းနောင်က လူငယ်နှင့်အားကစား၊ မြို့နယ် ဥပဒေရုံး ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးအောင်သီဟက လူကုန်ကူးမှု ဥပဒေ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မင်းသူက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးခေါင်းစဉ်များဖြင့် အသိပညာပေး ဟောပြောသည်။

ဇေယျာ(မြောင်းမြ)



မွန်ပြည်နယ် ပေါင်မြို့နယ်၌ မီးဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလိုက်လံနှိုးဆော်ခြင်းကို အောက်တိုဘာ ၂၃ ရက်က ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းထက်ထက်ဟန်နှင့် ဌာနဆိုင်ရာများက ကဒါရပ်ကွက်နှင့် ပေါင်းရပ်ကွက်တို့၌ ဆောင်ရန်၊ ဆောင်ရန်အချက်များကို လိုက်လံနှိုးဆော်ပြီး လက်ကမ်းစာစောင်များ ပေးဝေစဉ်။ မွန်မလေး(ပြန်/ဆက်)

## မော်လမြိုင်ကျွန်းမြို့နယ်၌ ဒေသခံပြည်သူများအား အထူးကုဆရာဝန်များ ကွင်းဆင်းဆေးကုသ

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၂၇**

မော်လမြိုင်ကျွန်းမြို့နယ်၌ ဒေသခံပြည်သူများအား ယမန်နေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ကုသရေး



ဦးစီးဌာန၊ မြို့နယ်ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ် ဒေါက်တာစန်းဝင်း၏ ဦးဆောင်မှုဖြင့် အထူးကုဆရာဝန်များက တန်ငူ့ကျေးရွာအုပ်စု ခေတ်မီစံပြကွမ်းခြံချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် ပြည်သူများအား မြို့နယ်ပြည်သူ့ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရဲကိုမောင် (ပြန်/ဆက်)



## ကော့မှူး၌ လူငယ်စကားဝိုင်း ကျင်းပ

**ကော့မှူး အောက်တိုဘာ ၂၇**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတ တိုးပွားစေရေးအတွက် လူငယ်စကားဝိုင်းကို အောက်တိုဘာ ၂၂ ရက်က ကော့မှူးမြို့နယ် ဝါးဘလောက်သောက်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း အထက(ဝါးဘလောက်သောက်) ကျောင်း၌ ကျင်းပသည်။

ထို့နောက် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများက လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့်စာပေ ခေါင်းစဉ်တို့ဖြင့် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ကျော်သူရ(ကော့မှူး)

## ပင်လောင်းမြို့နယ်၌ နေကြာသီးနှံမျိုးစေ့ထုတ်စံပြကွက် နည်းပညာပေး

**ပင်လောင်း အောက်တိုဘာ ၂၇**



ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ပင်လောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နေကြာသီးနှံမျိုးစေ့ထုတ်စံပြကွက် နည်းပညာပေး ကွင်းသရုပ်ပြပွဲကို အောက်တိုဘာ ၂၃ ရက်တွင် တကူမို့ကျေးရွာ ဦးခွန်လှဆောင် စံပြနေကြာစိုက်ခင်း၌ ပြုလုပ်သည်။

ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်သန်းက စိုက်ပျိုးရေးတောင်သူများအား သီးနှံများစိုက်ပျိုးရာ၌ သီးနှံပင်များပေါ်တွင် ကျရောက်တတ်သည့် ရောဂါများနှင့် ပိုးမွှားများ ကာကွယ်နှိမ်နင်းရေး၊ သီးနှံအထွက်နှုန်း တိုးစေရေး နည်းစနစ်များနှင့် နေကြာသီးနှံ မျိုးစေ့ထုတ်စံပြကွက် နည်းပညာပေး ကွင်းသရုပ်ပြပွဲ၏ ရည်ရွယ်ချက်များဖြစ်သည့် သီးနှံမျိုးကောင်းမျိုးသန့်များ ရရှိပြီး အသုံးပြုနိုင်ခြင်း၊ နေကြာသီးနှံမျိုးစေ့ထုတ်သည့် နည်းပညာများကို စိုက်ပျိုးတောင်သူများအား လက်ဆင့်ကမ်း အသိပညာပေးခြင်း၊ မျိုးကောင်းမျိုးသန့်ထုတ်လုပ်အသုံးပြုခြင်းဖြင့် သီးနှံအထွက်နှုန်းတိုးတက်ခြင်း၊ နေကြာစိုက်ပျိုးမှုဧက တိုးတက်လာမှုကြောင့် နိုင်ငံတော်အတွက် ဆီဖူလုံမှုရှိပြီး ပိုလျှံလာသည်အထိ ဆောင်ရွက်နိုင်ခြင်း၊ ဆီဖူလုံမှုရရှိနိုင်သည့်အတွက် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ခြင်း စသည်တို့ကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် စိုက်ပျိုးရေးတောင်သူများက သိရှိလိုသည်များ ဆွေးနွေးမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးသည်။

မြို့နယ်(ပြန်/ဆက်)

## ခရမ်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ခရမ်း အောက်တိုဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ခမတ်ကျေးရွာအုပ်စုရှိ မိုးစပါးဧက ၁၀၀ စံပြကွက်၌ seeder ဖြင့် စိုက်ပျိုးထားသော မော်ဘီ–၃ စပါးမျိုး စံကွက်ရိတ်သိမ်းပွဲအခမ်းအနားကို အောက်တိုဘာ ၂၂ ရက်က ကျင်းပသည်။

ခမတ်ကျေးရွာအုပ်စုရှိ မိုးစပါးဧက ၁၀၀ စံပြကွက်၌ တောင်သူဒေါ်နွဲ့ရီ ပိုင်ဆိုင်သော ကွင်းအမှတ် (၇၈၀–A)၊ ဦးပိုင်အမှတ်(၁၄)၊ ဧရိယာ ၆ ဒသမ ၆၆ ဧကတွင် seeder ဖြင့် စိုက်ပျိုးထားသော မော်ဘီ–၃ စပါးမျိုးကို စံကွက်ရိတ်သိမ်းခဲ့ရာ အစိုအထွက်နှုန်း ၁၂၅ ဒသမ ၆၃ တင်း၊ အခြောက်အထွက်နှုန်း ၁၁၉ ဒသမ ၆၄ တင်း ထွက်ရှိသည်။

ခရမ်း(ပြန်/ဆက်)

## ပိုင်ကျုံမြို့ အထက ပေါင်၌ လျှော်ဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး

**ပိုင်ကျုံ အောက်တိုဘာ ၂၇**

ကရင်ပြည်နယ် ပိုင်ကျုံမြို့ ပေါင်ကျေးရွာအုပ်စုရှိ အထကပေါင်၌ လျှော်ဘေးအန္တရာယ်နှင့် ပတ်သက်သော အကြောင်းအရာများကို ကျောင်းသားလူငယ်များ အသိပညာရရှိရန် ရည်ရွယ်၍ အောက်တိုဘာ ၂၃ ရက်က အသိပညာပေးဟောပြောပွဲ နယ်လှည့်ကွင်းဆင်းဆောင်ရွက်သည်။

ဆွေးနွေးပွဲတွင် ပိုင်ကျုံမြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နော်ခူးခူးက လျှော်ဘေးအန္တရာယ် မကျရောက်မီ ကြိုတင်ပြင်ဆင်ရမည့်အချက်များ၊ လျှော်လှုပ်နေစဉ် လိုက်နာဆောင်ရွက်ရမည့်အခက်အခဲများနှင့် ရှောင်ရှားသင့်သည့်အချက်များ၊ လျှော်လှုပ်ပြီးနောက် ပြုလုပ်ရမည့်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်တို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးဆောင်ပြသသည့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊



စွန့်ပစ်အမှိုက်များ စနစ်တကျစွန့်ပစ်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသားလူငယ်များက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

နော်ခူး(ပြန်/ဆက်)

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၅၅ ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းခဲ့

**နေပြည်တော် အောက်တိုဘာ ၂၇**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ – မဲ့ထော်သလေး (KK Park) နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၁၀၄ ဦး၊ အင်ဒိုနီးရှား နိုင်ငံသား ၂၄ ဦးနှင့် ဖိလစ်ပိုင်နိုင်ငံသား ၂၇ ဦး စုစုပေါင်းပြည်ပနိုင်ငံသား ၁၅၅ ဦးအား ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ အောက်တိုဘာ ၂၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၁၀၁၁၉ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၃၉ ဦးအား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၇၈၀ အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

■ *ကျောဖုံးမှ*

အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် ဗန်းမောက်မြို့အား ပြန်လည်သိမ်းပိုက်ရရှိရေးအပါအဝင် အခြားလိုအပ်သည့် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို ဒေသခံ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ တပ်မတော်စစ်ကြောင်းများက ဗန်းမောက်မြို့အား ပြန်လည်သိမ်းပိုက်ရရှိရေးအတွက် နယ်မြေလုံခြုံရေးလုပ်ငန်းများကို စနစ်တကျ စုဖွဲ့ချီတက်ရှင်းလင်းမှုများ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၆ ရက်တွင် ဗန်းမောက်မြို့၏ အနောက်ဘက်နှင့် အနောက်မြောက်ဘက်မီတာ ၂၀၀၀ ခန့်အကွာသို့ ရောက်ရှိစဉ် KIA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ဗန်းမောက်မြို့အတွင်းရှိ ပြည်သူပိုင်နေအိမ်အဆောက်အအုံများ၊ ဌာနဆိုင်ရာအဆောက်အအုံများအား မီးရှို့ဖျက်ဆီးနေကြောင်း မျက်မြင်တွေ့ရှိရသည်။

ထို့ကြောင့် အကြမ်းဖက်သောင်းကျန်းသူများ မီးရှို့ဖျက်ဆီးခဲ့သည့် ဗန်းမောက်မြို့အတွင်းရှိ အဆောက်အအုံများအား မီးအမြန်ဆုံးငြိမ်းသတ်နိုင်ရေး အခြားသော ဗန်းမောက်မြို့နေ ပြည်သူလူထု၏ အဆောက်အအုံများ မီးကူးစက်မှုမရှိစေရေး၊ ထပ်မံ၍ အခြားအကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်မှုမရှိစေရေးအတွက် တပ်မတော်စစ်ကြောင်းများက ရင်ဆိုင်တိုက်ခိုက်လျက်ရှိသည့် လက်ကျန်အကြမ်းဖက်သောင်းကျန်းသူများအား အမြန်ဆုံး လက်စတုံးတိုက်ခိုက်ချေမှုန်းလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်အတွင်းရှိ ကျွန်းတောဈေး၊ ရှမ်းလမ်းဈေး(ဂွဈေး)နှင့် မြေနီကုန်းပလာဇာဈေးများ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုများကို အောက်တိုဘာ ၂၇ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘဝင်း၊ အလုံခရိုင် ဈေးများဌာနစုမှူး ဒေါ်မိုးမိုးဝါ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးအောင်မြတ်မိုး၊ မြို့နယ်လျှပ်စစ်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသူရဆွေနှင့် တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာဈေးတာဝန်ခံများပူးပေါင်း၍ စစ်ဆေးစဉ်။ ၂၂၁

---

❖ *ကျောဖုံးမှ*

ဆင်နားသည် ဗီယင်နာ အိုးပင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ကမ္ဘာ့အဆင့် (၃) ရှိ ဩစတြေးလျ တင်းနစ် ကစားသမား အဲလက်စ်ဒီမီနာအာကို ၆–၃၊ ၆–၄ ရလဒ်ဖြင့် အနိုင်ယူကာ နောက်ဆုံးဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန် တက်လှမ်းလာသူဖြစ်သည်။ ပြိုင်ဘက် ဇီဗာရက်ဖ်က ဆီမီးဖိုင်နယ်တွင် ကမ္ဘာ့အဆင့် (၄) ရှိ အီတလီတင်းနစ်ကစားသမား လော်ရန်ဇိုမူဆက်တီကို ၆–၄၊ ၇–၅ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းလာသူဖြစ်သည်။

ယခု ဗိုလ်လုပွဲစဉ်မှာ ဇန်နဝါရီလတွင် ကျင်းပပြုလုပ်ခဲ့သည့် ဩစတြေးလျ အိုးပင်းပြိုင်ပွဲနောက်ဆုံး ဗိုလ်လုပွဲစဉ်ပြီးနောက် ဆင်နားနှင့် ဇီဗာရက်ဖ်တို့အကြား ပထမဆုံးအကြိမ် တွေ့ဆုံသည့် ဗိုလ်လုပွဲစဉ် ဖြစ်သည်။ ဆင်နားသည် ဩစတြေးလျအိုးပင်းဗိုလ်လုပွဲတွင်လည်း ဇီဗာရက်ဖ်ကို ၆–၃၊ ၇–၆၊ ၆–၃ ရလဒ်ဖြင့် အနိုင်ယူကာ ဖလားဆွတ်ခူးထားသည်။

ထို့ကြောင့် ဇီဗာရက်ဖ်သည် အဆိုပါဗိုလ်လုပွဲရှုံးနိမ့်မှုကို ချေဖျက်နိုင်ခြင်းမရှိဘဲ ရှုံးပွဲထပ်မံကြုံတွေ့ကာ ဖလားဆွတ်ခူး ကိုင်မြှောက်အောင်ပွဲခံခွင့် ဆက်လက်လွဲချော်ခဲ့သည်။ **အောင်ဇော်**

---

## အမျိုးသမီးများကို တရုတ်အမျိုးသားများနှင့် ပေါင်းသင်းနေထိုင်စေပြီး တရုတ်နိုင်ငံသို့ပို့ဆောင်ရန် စီစဉ်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၂ နှစ်စီချမှတ်

**နေပြည်တော် အောက်တိုဘာ ၂၇**

အမျိုးသမီးများကို တရုတ်အမျိုးသားများနှင့် ပေါင်းသင်းနေထိုင်စေပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရန် စီစဉ်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ်စီချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာနေ ဒေါ်ပြည့်(ခ) ဒေါ်ခင်ပြည့်နှင့် ၎င်း၏ သမီးဖြစ်သူ တရုတ်နိုင်ငံနေ မသီတာသောင်းတို့က ၎င်းတို့နှင့် ခင်မင်ရင်းနှီးကြသူများဖြစ်ကြသည့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်နေ မ----၊ ၂၈/၂၀၂၅ နှစ်၊ မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်နေ မ----၊ ၂၄/၂၀၂၅ နှစ်နှင့် ရှမ်းပြည်နယ် နောင်ချိုမြို့နေ မ----၊ ၃၀/၂၀၂၅ နှစ် တို့ကို တရုတ်နိုင်ငံသားနှင့် လက်ထပ်ပါက ငွေကျပ်သိန်း ၁၀၀ ရရှိမည် တင်နေသည့်အကြွေးများ ဆပ်ပေးမည်ဟု စည်းရုံးပြောဆို၍ တရုတ်နိုင်ငံသို့ ပို့ဆောင်ရန်အတွက် နိုင်ငံကူးလက်မှတ်အား မြဝတီမြို့၌ သွားရောက်ပြုလုပ်စေခဲ့သည်။

နိုင်ငံကူးလက်မှတ်ရရှိပြီးနောက် ၎င်းအမျိုးသမီးသုံးဦးအနက် နှစ်ဦးကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ MGM ဟိုတယ်တွင် တရုတ်နိုင်ငံသား ဝမ်ရှောင်(WANG XIANG)၊ လျူရူချန့် (RUCHENG) တို့နှင့်ပေါင်းသင်းနေထိုင်စေပြီး ကျန်တစ်ဦးကို တရုတ်နိုင်ငံသားနှင့် ပေါင်းသင်းနေထိုင်ရန် စီစဉ်ဆောင်ရွက်နေစဉ်အတွင်း ဖမ်းဆီးရမိသဖြင့် ပုသိမ်ကြီးမြို့နယ် အုန်းချောနယ် မြေရဲစခန်း(ပ)၄၁/ ၂၀၂၅၊ (ပ)၄၂/ ၂၀၂၅နှင့် (ပ) ၄၃/ ၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၄၄ တို့ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး အောက်တိုဘာ ၂၃ ရက်တွင် အောင်မြေသာစံခရိုင်တရားရုံးမှ ဖမ်းမိတရားခံ ဝမ်ရှောင်(WANG XIANG)၊ လျူရူချန့် (RUCHENG) တို့ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၂ နှစ်ကျခံစေရန်နှင့် တရားခံ ဒေါ်ပြည့်(ခ)ဒေါ်ခင်ပြည့်ကို အမှုတစ်မှုချင်းစီအတွက် အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ သီတာသောင်းကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

ထို့တူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်နေ မသဲသဲအောင်သည် အိုးဝေမောင်းသည့် အလုပ်အားလုပ်ကိုင်စဉ် အိုးဝေငှားရမ်းစီးနင်းသူ မူဆယ်မြို့နေ မသဲယုယ နှင့် ခင်မင်ရင်းနှီးခဲ့ရာ မသဲယုယမှ မိန်းကလေးများကို တရုတ်နိုင်ငံသို့ စိုက်ပျိုးရေး၊ အထည်ချုပ်နှင့် တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ပေးသည့် အလုပ်လုပ်ကိုင်ကြောင်း၊ လူရှာပေးပါက တစ်ဦးလျှင် ငွေကျပ် ၁၅ သိန်းပေးမည်ဟုပြောဆိုသဖြင့် အိုးဝေလာရောက်ငှားရမ်းစီးနင်းသည့် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နေသူ မိန်းကလေးနှစ်ဦးနှင့် တစ်ရပ်ကွက်တည်းနေ မိန်းကလေး နှစ်ဦးတို့ကို တရုတ်နိုင်ငံသို့ သွားရောက်၍ တရုတ်ဇနီးမယားအဖြစ် လုပ်ကိုင်ပါက ရုပ်ရည်ပေါ်မူတည်၍ ငွေများများရမည်ဟု စည်းရုံးပြောဆိုကာ ငွေကြေးအကျိုးအမြတ်များရယူ၍ မူဆယ်မြို့နေ မသဲယုယထံ ပို့ဆောင်ပေးခဲ့သည်။

စစ်ဆေးချက်အရ မသဲယုယက တရုတ်နိုင်ငံသို့ တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားခဲ့ကြောင်း စိစစ်ပေါ်ပေါက်သဖြင့် ပြည်ကြီးတံခွန်မြို့နယ် စက်မှုနယ်မြေရဲစခန်း(ပ) ၈၈/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး အောက်တိုဘာ ၂၄ ရက်တွင် မဟာအောင်မြေခရိုင်တရားရုံးမှ ဖမ်းမိတရားခံ မသဲသဲအောင်ကို အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ မသဲယုယကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

## အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်းမြို့နယ်၊ တကားကျေးရွာနေ ဦးခလပ် ၅/နယန(နိုင်) ၀၁၃၀၂၈၏ သမီး မအင်တူး (G-12) အခြေခံပညာအထက်တန်းကျောင်း (တကား) ၏ အမည်မှန်မှာ မအင်ဝမ်း ၅/နယန(နိုင်)၀၁၃၀၅၂၂ ဖြစ်ပါကြောင်း။

## အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်းမြို့နယ်၊ တကားကျေးရွာနေ ဦးဝါဘာ ၅/နယန(နိုင်) ၀၀၉၆၁၇၏ သမီး မရွမ်းနင်(မ်) G-12 အခြေခံပညာအထက်တန်းကျောင်း (တကား) ၏ အမည်မှန်မှာ မငွမ်းနင ၅/နယန (နိုင်) ၀၁၈၇၀၃ ဖြစ်ကြောင်း။

## အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်းမြို့နယ်၊ တကားကျေးရွာနေ ဦးရန်းဟိန်း ၅/လဟန(နိုင်) ၀၂၄၂၂၅ ၏သား မောင်ဟင်းမော (G-12) အခြေခံပညာအထက်တန်းကျောင်း (တကား)၏ အမည်မှန်မှာ မောင်ဟဲမော ၅/နယန(နိုင်) ၀၂၆၆၃၂ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

(ဘ)ဦးစိုးရဲထက်၏သမီး ကျိုင်းတုံမြို့၊ MY STEPS ကိုယ်ပိုင်မူလတန်းကျောင်း၊ Grade-3 မှ မသော်တာလဝန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၈-၂၀၁၇ ဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်(ကမ-၃)စာအုပ်ပျောက် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/44008 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်လှတင် ၉/မခန(နိုင်)၁၉၃၆၉၂ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/84913 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဟေမာန်ဦး ၉/နထက(နိုင်) ၁၄၄၅၉၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံ)**

### ယာဉ်မှတ်ပုံတင်(ကမ-၃)စာအုပ်ပျောက် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 39W/17988 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရွှေရည်သန်း ၅/စကန(နိုင်)၂၃၃၄၃၈ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံ)**

## ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိစေမာရပ်ကွက်၊ ဓမ္မာလမ်း၊ အမှတ် (၁၂/က)၊ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များနှင့်စပ်လျဉ်း၍ အများသိစေရန်

အထက်ပါမြေကွက်နှင့်နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်ထွေးကြည် (ခ) ဒေါ်ခင်ဒါလင် (၁၂/စခန (နိုင်) ၀၂၈၃၆၉) နှင့်အတူ ဆွေမျိုးသားချင်းများဖြစ်သော (၁) ဒေါ်ခင်ခင်လေး၊ (၂) ဦးယော (ခ) ဦးယောသပ်၊ (၃) ဒေါ်ခင်မြမူ၊ (၄) ဒေါ်ခင်စန်းလွင်၊ (၅) ဦးအောင်မိုး၊ (၆) ဒေါ်ခင်မြတ်စု၊ (၇) ဦးမျိုးလှိုင်၊ (၈) ဦးဇော်ကြီး၊ (၉) ဦးပြည့်ဖြိုးမောင်၊ (၁၀) ဦးနေမျိုးသူ၊ (၁၁) ဦးရန်မျိုးနိုင်တို့မှ ပူးတွဲအမွေဆက်ခံပိုင်ဆိုင်လျှက်ရှိပြီး အမွေမခွဲဝေရသေးသော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းဖြစ်ပါသည်။

ယင်းမြေကွက်နှင့်နေအိမ်အဆောက်အအုံသည် ပြိုကျပျက်စီးမှုများရှိနေသဖြင့် ကျွန်ုပ်မိတ်ဆွေမှ မိဘနေအိမ်ဖြစ်၍ ခေတ်ကာလနှင့်လျော်ညီစွာ ငွေသိန်းပေါင်း (၄၀၀၀) ကျော်ကို တစ်ဦးတည်း စိုက်ထုတ်အကုန်ကျခံပြီး ကိုယ်တိုင်ပါဝင်အပင်ပန်းခံ၍ အဆင့်မြင့်ပြင်ဆင်ပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ အိမ်နှင့်ခြံအတွင်းရှိ ပစ္စည်းများကို ရောင်းချရန်၊ အဆိုပါ မြေကွက်နှင့် နေအိမ်အား ကန့်ထရိုက်တိုက်သစ်ဆောက်လုပ်ရန်၊ ကျွန်ုပ်မိတ်ဆွေ၏ လက်ရေးလက်မှတ်များ တုပရေးထိုး၍ စာချုပ်စာတမ်းများ ချုပ်ဆိုရန်၊ အဆိုပါ မြေကွက်၏ တစ်စိတ်တစ်ဒေသကို ရောင်းချရန်၊ ဆွေမျိုးသားချင်း မောင်နှမအဖြစ်မှ ထုတ်ပယ်ရန်၊ တစ်စိမ်းလူများအား နေအိမ်တွင် နေထိုင်မှုပြုစေရန် ဆောင်ရွက်ခြင်းများနှင့်တကွ လွှဲပြောင်း၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ ပေါင်နှံ၊ ရောင်းချ၊ ငှားရမ်း၊ အာမခံထားခြင်းတို့ကို ကျွန်ုပ်၏မိတ်ဆွေ မသိရှိဘဲ လုပ်ဆောင်ခဲ့ပါက တရားမဝင် အကျိုးသက်ရောက်မှု ရှိမည်မဟုတ်ကြောင်းနှင့် ကျူးလွန်ပါက ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဦးမျိုးမြင့် (ဘဆ)**

တရားလွှတ်တော်ရှေ့နေ (စဉ် - ၆၀၆၅/၉၄)

အမှတ် - ၈၃၊ အခန်း - ၁၁၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
၀၉ - ၅၁၆၇ ၂၃၇၊ ၀၉ - ၇၈ ၅၁၆၇ ၂၃၇

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ မြောက်ပိုင်းရပ်ကွက်၊ ပြည်လမ်း၊ အမှတ်(၂၆)နေ ကွယ်လွန်သူ မိဘများဖြစ်ကြသော (ဦးချစ်နောင်)၊ (ဒေါ်မြမြ)တို့၏သားသမီးများဖြစ်ကြသည့် (၁)ဦးလှကြူ ၁၂/မဂဒ(နိုင်) ၀၂၅၈၄၂၊ (၂)ဒေါ်ခင်နွဲ့ကြူ ၁၂/မဂဒ(နိုင်) ၀၂၈၆၀၂၊ (၃)ဦးနေမင်း ၁၂/မဂဒ(နိုင်) ၁၁၈၀၈၀၊ (၄)ဦးစိုးမင်း ၁၂/မဂဒ(နိုင်) ၁၀၆၃၀၆၊ (၅)ဦးမိုးကျော် ၁၂/မဂဒ(နိုင်)၀၃၀၃၂၇၊ (၆)ဒေါ်မြသီတာနောင် ၁၂/မဂဒ(နိုင်) ၀၃၀၃၂၈တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ မြောက်ပိုင်းရပ်ကွက်၊ ပြည်လမ်း၊ အမှတ်(၂၆)ဟုခေါ်တွင်သော ပြည်လမ်း၊ ကားလမ်းမဘက်မျက်နှာစာ (၄၃')နှင့် မျက်နှာစာမှ ခြံအနောက်ဘက်သို့ (၂၆၅')အကျယ်ရှိ ခြံမြေကွက်အား ဦးချစ်နောင်+ဒေါ်မြမြတို့က မူလပိုင်ရှင် ဒေါ်ယုတင် (ISN-၂၄၉၉၃၆) ထံမှ (၅-၉-၁၉၈၄)ရက်စွဲပါ ခြံအရောင်းအဝယ်စာချုပ်အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယနေ့တိုင် လက်ရှိထားနေထိုင်လျက်ရှိပါသည်။

ဖခင် ဖြစ်သူ ဦးချစ်နောင်မှာ (၂၈-၁၁-၂၀၂၀)ရက်တွင် လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်မြမြသည်(၂၂-၂-၂၀၂၄)ရက်တွင်လည်းကောင်းအသီးသီး ကွယ်လွန်ခဲ့ကြသဖြင့် မိဘများပိုင်ဆိုင်သော အထက်ဖော်ပြပါ ခြံမြေနှင့် နေအိမ်အဆောက်အအုံတို့အား ၎င်းတို့၏ သားသမီးများဖြစ်ကြသော အထက်ဖော်ပြပါ ဦးလှကြူနှင့် ညီအစ်ကိုမောင်နှမ(၆)ဦးတို့က မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။

ယခုအခါ အဆိုပါမြေကွက်နှင့် နေအိမ်အဆောက်အအုံတို့အား မောင်နှမ(၆)ဦးတို့ ၏ သဘောတူညီချက်ဖြင့် လွှဲပြောင်းရောင်းချရန် စီစဉ်လျက်ပါရှိသည်။ (၅-၉-၁၉၈၄)ရက်စွဲပါ မူလဝယ်ယူထားသော ခြံအရောင်းအဝယ်စာချုပ်(မူရင်း)မှာ ပျောက်ဆုံးသွားသဖြင့် အဆိုပါ စာချုပ်(မူရင်း)လက်ဝယ်ရှိသူ မည်သူမဆို ဦးလှ ကြူတို့မောင်နှမ (၆)ဦးထံ ယနေ့မှ (၁)လအတွင်း ပြန်လည်အပ်နှံပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှကြူ ပါ(၆)ဦးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးတင်ထွဋ် H.G.P, LL.B**

**တရားလွှတ်တော်ရှေ့နေ(၅၇၆၀/၉၁)**

**အမှတ်(၂၀၈)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၃၁၈၀၈၈**

## ဖောင်းကြွနံပါတ်ပြားလျှောက်ထားခြင်း

ယာဉ်အမှတ် 3U/3602၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**က.ည.န၊ ခရိုင်ရုံး(တာချီလိတ်)**

## မောင်ကျော်နဒီထွန်း ၁၂/မဂတ(နိုင်)၁၀၈၂၀၄ အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၈ လမ်း၊ အမှတ်-၂၄နေ ဒေါ်မိမိငယ်၏ သားဖြစ်သူ မောင်ကျော်နဒီထွန်းသည် မိခင်၏ ဆိုဆုံးမမှုများကို နာခံခြင်းမရှိဘဲ မိခင်ဖြစ်သူအား အကြိမ်ကြိမ် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲအောင် ပြုလုပ်လျက် မိခင်ဖြစ်သူ လုံးဝလက်မခံနိုင်သည့် ကိစ္စရပ်အား ပြုလုပ်သွားပြီး (၂၆-၁၀-၂၀၂၅)ရက်တွင် နေအိမ်မှ ဆင်းသွားပါသဖြင့် နောက်နောင်တွင် မောင်ကျော်နဒီထွန်းနှင့်ပတ်သက်၍ ငွေရေးကြေးရေးကိစ္စများ၊ အခြားမည်သည့်အရှုပ်အရှင်းမဆို မိခင်နှင့် သက်ဆိုင်မှုမရှိပါကြောင်း၊ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် သားအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)**

**ဒေါ်မိမိငယ်၏ လွှဲအပ်ချက်အရ-**

**ဦးစောစိုင်းမွန်(LL.B)**

**အထက်တန်းရှေ့နေ(စဉ်-၄၅၃၅၃)**

**အမှတ်-၁၀/၁၂၊ ပထမထပ်၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## မွေးသက္ကရာဇ်အမှန်

ရမည်းသင်းမြို့နယ်၊ အထက(ရွာတန်း) ဒု/အလပြ ဆရာမ ဒေါ်ထွေးထွေးရီ ၉/ရမသ(နိုင်)၀၃၂၄၉၉ ၏ မွေးသက္ကရာဇ်အမှန်မှာ (၁၉-၇-၁၉၆၈)ဖြစ်ပါကြောင်း။

## အမည်ပြောင်း

တပ်ကုန်းမြို့နယ်၊ အ.ထ.က(ခွဲ) ဒဟတ်ကုန်းကျောင်း Grade-3 တွင် ပညာသင်ကြားနေသည့် အဖ ဦးသန်းကျော်၏ သားဖြစ်သူ မောင်ကောင်းကင်ဟိန်း အား ယနေ့မှစ၍ မောင်စွမ်းသုတဉာဏ် ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်စွမ်းသုတဉာဏ်**

## "ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၁ / ၂)၊ မြေကွက်အမှတ်များ(၁၅၂)နှင့် (၁၅၃)၊ အကျယ်အဝန်း (၈၀ပေ x၁၂၀ပေ)ရှိ ပါမစ်မြေကွက်များနှင့် ၎င်းတို့၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း"

အထက်ဖော်ပြပါ မြေကွက်များနှင့်တကွ ၎င်းတို့နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသိန်းလွင် (၁၂/လသန(နိုင်)၀၁၆၀၉၆)က ၂၀၀၃ခုနှစ်၊ ဧပြီလ(၂၃)ရက်မှစ၍ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ထုတ်ပေးသောမြေချပါမစ်မူရင်း၊ မိသားစုဓာတ်ပုံပါ သက်ဆိုင်ရာမူရင်း စာရွက်စာတမ်းများနှင့်အညီ တစ်ဦးတည်းတရားဝင်လက်ရှိလက်ရောက် ပိုင်ဆိုင်စီမံခန့်ခွဲလျက်ရှိနေပြီး အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ ကိုယ်စားလှယ်အဖြစ် အထက်ဖော်ပြပါ မြေကွက်များနှင့်ပတ်သက်၍ ရောင်းချ/ပေါင်နှံ/လွှဲပြောင်းစေခြင်း၊ မြေကွက်များအမည်ပြောင်းလျှောက်ထားစေခြင်း၊ ပိုင်ရှင်အမည်ပျောက် လျှောက်ထားစေခြင်း၊ ပါမစ်မိတ္တူကူးလျှောက်ထားစေခြင်း၊ ပါမစ်မှုဂရန်အမည်ပြောင်းလျှောက်ထားစေခြင်းနှင့် မြေကွက်များနှင့် သက်ဆိုင်သည့်ပိုင်ဆိုင်မှု ပါမစ်စာရွက်စာတမ်းများ ပျောက်ဆုံးကြောင်း လျှောက်ထားစေခြင်းတို့ကို ကျွန်ုပ်၏မိတ်ဆွေမှ လုံးဝခွင့်မပြုခဲ့ကြောင်း အများသိစေရန် အသိပေးအပ်ပါသည်။ ဒေသဆိုင်ရာအုပ်ချုပ်ရေးနှင့် ပတ်ဝန်းကျင်တို့သည် အဆိုပါ မြေကွက်များကို ကျွန်ုပ်မိတ်ဆွေ၏ တရားဝင်ပိုင်ဆိုင်ခြင်းဖြစ်သည်ကို ယခင်ကတည်းက သိရှိပြီးဖြစ်သည်။ ကျွန်ုပ်၏ မိတ်ဆွေပိုင် ဖော်ပြပါမြေကွက်များနှင့်ပတ်သက်၍ အကြောင်းတစ်စုံတစ်ရာသိရှိလိုပါက ကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ဥပဒေနှင့်ညီညွတ်သော၊ ခိုင်လုံသောအထောက်အထားများနှင့်အတူ ရုံးချိန်တွင်း ကျွန်ုပ်ထံလာရောက် မေးမြန်းနိုင်ပါသည်။ အကယ်၍ အခြားတစ်ဦးတစ်ယောက်က အဆိုပါမြေကွက်များကို ကျွန်ုပ်၏မိတ်ဆွေသိရှိခြင်းမရှိဘဲ၊ ခွင့်ပြုချက်မရဘဲ လိမ်လည်၍ရောင်းချ/ ပေါင်နှံ/ လွှဲပြောင်းခြင်းများ၊ အမည်ပြောင်း/အမည်ပျောက် လျှောက်ထားခြင်းများ၊ ပါမစ်မိတ္တူကူးလျှောက်ထားစေခြင်း၊ ပါမစ်မှုဂရန်အမည်ပြောင်းလျှောက်ထားစေခြင်းနှင့် ပိုင်ဆိုင်မှု ပါမစ်စာရွက်စာတမ်းများ ပျောက်ဆုံးလျှောက်ထားခြင်းတို့ ပြုလုပ်နေလျှင် တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုခြင်းခံရမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးသူရဝင်း(မောင်) (BA, MPA, PGDL, DBL, DML**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၃၃၃)**

**အမှတ် (၁၄၂)၊ ပ-ထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**Ph: 09-254114214, 09-451442666**

## "အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း"

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့နယ်၊ မဲကနယ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၅-ဘီ/ အပြင်မဲကနယ်ကွင်း)၊ ဦးပိုင်အမှတ်(၂၅/ခ-၁)၊ ဧရိယာ (၀.၉၂)ကေနှင့် ဦးပိုင်အမှတ်(၂၅/က-၁)၊ (၂၅/က-၂)၊ (၂၅/က-၃)၊ (၂၅/က-၄)နှင့် (၂၅/က-၅)၊ ဧရိယာ(၀.၉၁)ကေစီရှိမြေကွက်(၅)ကွက်၊ စုစုပေါင်း(၆)ကွက်သည် ဦးကျော်ဟိန်းအမည်ဖြင့် နှစ်(၃၀)မြေငှားဂရန်များ ရရှိထားပါသည်။ ဖော်ပြပါ မြေကွက်များကို ဦးကျော်ဟိန်းထံမှ ဦးကိုကို(၃/မဝတ(နိုင်)၀၃၅၁၃၄)က(၁၉-၉-၂၀၂၅)ရက်စွဲပါစာချုပ်အမှတ် (၈၃/၂၀၂၅)၊ (၈၄/၂၀၂၅)၊ (၈၅/၂၀၂၅)၊ (၈၆/၂၀၂၅)၊ (၈၇/၂၀၂၅)နှင့် (၈၈/၂၀၂၅)များအရ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ကန့်ကွက်တင်ပြလိုသူမည်သူမဆို ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ယခုကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ၊မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ညောင်ရွှေမြို့နယ်၊ တိလောစခန်းကြီးကျေးရွာအုပ်စု၊ နန်းသီတာကျေးရွာနေ (ဘ)ဦးငယ်၏ သမီးဖြစ်သူ ဒေါ်လှမေ (၁၃/ညရန(နိုင်)၀၅၀၄၂၇)အမည်ပေါက်ပိုင်ဆိုင်သော ကွင်းအမှတ်(၁၃၆)၊ ဦးပိုင်အမှတ် (၁၇/၁)၊ ဧရိယာ (၃.၆၄)ကေနှင့် ကျွန်မ၏ခင်ပွန်း ဦးသာအောင် (ခ)ဦးလှအောင် အမည်ပေါက်ပိုင်ဆိုင်သော ပုံစံ-၇(၇)အုပ်ဖြစ်သည့် ကွင်းအမှတ်(၁)၊ ဦးပိုင်အမှတ် (၂၇/၁)၊ ဧရိယာ (၆)ကေ၊ ကွင်းအမှတ် (၂-၁)၊ ဦးပိုင်အမှတ်(၃၆)၊ ဧရိယာ(၇.၁၁)ကေ၊ ကွင်းအမှတ် (၂-ခ)၊ ဦးပိုင်အမှတ်(၃၂/၂)၊ ဧရိယာ(၅.၈၃)ကေ၊ ကွင်းအမှတ်(၃)၊ ဦးပိုင်အမှတ်(၁၄/၅)၊ ဧရိယာ(၂.၀၀)ကေ၊ ကွင်းအမှတ်(၃)၊ ဦးပိုင်အမှတ်(၇၃)၊ ဧရိယာ(၂.၅၈)ကေ၊ ကွင်းအမှတ်(၃)၊ ဦးပိုင်အမှတ် (၁၄/၄)၊ ဧရိယာ(၂.၀၄)ကေ၊ ကွင်းအမှတ်(၃)၊ ဦးပိုင်အမှတ်(၁၃)၊ ဧရိယာ (၂.၇၇)ကေ၊ ကွင်းအမှတ်(၃)၊ ဦးပိုင်အမှတ်(၁၅)၊ ဧရိယာ(၁.၇၈)ကေရှိ ပုံစံ-၇စာအုပ်များ ပျောက်ဆုံးသွားပါသဖြင့် သက်ဆိုင်ရာဌာနတွင် ပုံစံ-၇များပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများအနေဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်လှမေ**

**ဖုန်း- ၀၉- ၄၂၈၃၄၃၇၄၁**

## ကန့်ကွက်ဖြေရှင်း အကြောင်းပြန်ကြားကြောင်း အများသိစေရန် ကြေညာခြင်း

(၃၀-၁၀-၂၀၂၄)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ (စာ-၂၆)တွင် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်းနှင့်ပတ်သက်၍ ကလောမြို့၊ အမှတ်(၁)ရပ်ကွက်၊ သိမ်တောင်လမ်း၊ ကွင်းအမှတ်(၃)၊ ဦးပိုင်အမှတ်(၃၉)၊ မြေကွက်အမှတ်(၅၂)၊ ဧရိယာ(၀ဒသမ၃၂၄)ကေရှိ မြေကွက်အား ရောင်းချခြင်းမဟုတ်ဘဲ တစ်လလျှင် ၅% ဖြင့် ငွေသိန်း(၅၀၀)ချေးငှားရာတွင် ငွေရှင် ဒေါ်နန်းချိုချိုထွန်း ၁၃/တကန(နိုင်) ၁၄၆၀၂၄နှင့် ပွဲစားတို့၏ ဆန္ဒအရ အိမ်ခြံမြေ အရောင်းအဝယ်စာချုပ် ချုပ်ပေးခဲ့ရခြင်းသာဖြစ်ပြီး အတိုးငွေများကိုလည်း လစဉ်ဆပ်ခဲ့သည့်အပြင် အဆိုပါမြေကွက်သည် ကျွန်ုပ်၏အမွှသည် ဦးအနီးလ်ကူမာရ် လက်ဝယ်ရှိနေသည့်အတွက် ရှေ့နေမှတစ်ဆင့် ဒေါ်နန်းချိုချိုထွန်း၏ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ဖြေရှင်း အကြောင်းပြန်ကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဥမ္မာလွင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၉၈၈၅/၁၄)**

**အမှတ်(၄၂၀)၊ သုခလမ်း၊ ချမ်းသာရပ်ကွက်၊ တောင်ကြီးမြို့**

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃
## ညောင်ဦးခရိုင်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၉
### ကွယ်လွန်သူ ဦးဘိုဝမ်း၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

ဒေါ်ကုလားမ(ဘ)ဦးစိန်ဝ **လျှောက်ထားသူ**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ မြင်းကပါကျေးရွာတွင် နေထိုင်ခဲ့သည့် ကွယ်လွန်သူ ဦးဘိုဝမ်း၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ကုလားမ က အမွေ ဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၁၃ရက် (၁၃၈၇ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၉ရက်) နံနက် ၁၀နာရီတွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးဘိုဝမ်း၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူ ဟူသမျှတို့သည် အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဤရုံးတော်သို့ အထက်ပါအမှုကို ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၁၃ရက် (၁၃၈၇ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၉ရက်) နံနက် ၁၀နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်ကုလားမ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ခုနှစ်၊ အောက်တိုဘာလ ၂၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(စုစုလှိုင်)
ဒုတိယခရိုင်တရားသူကြီး
ညောင်ဦးခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## တောင်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၄၄

| | | |
|---|---|---|
| ဦးဇော်မင်းထွန်း | နှင့် | ဦးမြင့်ဝင်း |
| **(တရားလို)** | | **(တရားပြိုင်)** |

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့သစ်၊ ရပ်ကွက်(၂)၊ အကွက်ကြီးအမှတ်(၂၂)၊ မြေကွက်အမှတ်(၈၂)နေ ဦးမြင့်ဝင်း (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

